ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၉၈)

ချစ်ကြည်ရေး ရလဒ်ကောင်း

- ☆ ချစ်ကြည်ရေးခရီးစဉ်တွင် မြန်မာ–တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြ၊
- ☆ တွေ့ဆုံဆွေးနွေးမှုများအရ နှစ်နိုင်ငံအကြား စွမ်းအင်၊ ရေအားလျှပ်စစ်၊ သတ္တု၊ စက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လယ်ယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ထုတ်နိုင်ခဲ့၊
- ☆ နှစ်နိုင်ငံသဘောတူစာချုပ်များ၊ နားလည်မှု စာချွန်လွှာများနှင့်စပ်လျဉ်း၍ အမြန်ဆုံးအကောင် အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက တရုတ်နိုင်ငံတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်။
- ☆ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ များ အကောင်အထည်ဖော်မှု အကျိုးရလဒ်ကောင်း များ ဖြစ်ထွန်းခဲ့ပြီး အချို့အကောင်အထည်ဖော်ဆဲ ဖြစ်သည်။
- ☆ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် များ လက်တွေ့ အောင်မြင်စွာ အကောင်အထည် ပေါ်ဖြစ်ထွန်းစေရအောင် ဆက်လက်ဆောင်ရွက် သွားကြရန် လိုအပ်သည်။

တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့်ချစ်ကြည်ရေးခရီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းဆောင်ရွက်နိုင် သဘောတူစာချုပ်နှင့်နားလည်မှုစာချွန်လွှာ ၁၂ ခုလက်မှတ်ထိုးခဲ့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ–တရုတ်သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ–တရုတ်သဘောတူ စာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံ့ပညာရေးတိုးတက်မှု အိုင်တီပညာကိုအခြေခံမှစ၍ တစ်နိုင်ငံလုံးတစ်ပြေးညီ သင်ယူနိုင်ရန်စီစဉ်ပေးနေ

ရန်ကုန် ဇူလိုင် ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီ ၁၀ မိနစ်တွင် စစ်တောင်းမြစ်ကူးတံတားသို့ ရောက်ရှိကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

နိုင်ငံတော်နှင့်ပြည်သူ့အကျိုး တိုးတက်ဖြစ်ထွန်းရေးရှေးရှု နိုင်ငံတကာအဆင့်မီ စက်မှုနယ်မြေဖြစ်ထွန်းရေးဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန်ကို ယူခဲ့ရချိန်ကစ၍ နိုင်ငံတော်အတွင်း စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးဦးတည်ကာ နိုင်ငံတော်တစ်ဝန်းတွင် စက်မှုဇုန်၁၈ခု ထူထောင်ပေးထားပြီးဖြစ်သည်။ ရန်ကုန်မြို့တော် ပတ်ဝန်းကျင်ဒေသများ၌လည်း ရွှေပြည်သာစက်မှုဇုန်၊ လှိုင်သာယာစက်မှုဇုန်၊ (တောင်ဒဂုံ)စက်မှုဇုန်၊ ရွှေပေါက်ကံစက်မှုဇုန်၊ ရန်ကုန်စက်မှုဇုန် စသည်ဖြင့် စက်မှုဇုန်များ ထူထောင်ပေးထားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၁၁ရက်နေ့မှ ၁၈ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည့် စက်မှုဇုန်ကြီးများကို အလေးပေးလေ့လာခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြီးအကဲများ၊ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၊ စက်မှုဇုန်တာဝန်ခံများနှင့် တွေ့ဆုံခဲ့ရာတွင်လည်းကောင်း၊ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၂၅ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်-သန်လျင်-ကျောက်တန်း ကားလမ်းမကြီးပေါ်ရှိ သန်လျင်-ကျောက်တန်း စက်မှုဇုန်စီမံခန့်ခွဲရေးရုံးသို့ ရောက်ရှိပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အထူးစက်မှုနယ်မြေ (သန်လျင်-ကျောက်တန်းဒေသ)နှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌-

"သန်လျင်-ကျောက်တန်းဒေသသည် ပင်လယ်ဆိပ်ကမ်း တည်ဆောက်နိုင်သည့် ဒေသဖြစ်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေခံသည့် စက်မှုဇုန်ကြီးတစ်ခု ထူထောင်နိုင်ရန် သန်လျင်-ကျောက်တန်း စက်မှုဇုန်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်တန်း သီလဝါဒေသ၌ အပြည်ပြည်ဆိုင်ရာ ပင်လယ်ဆိပ်ကမ်းတစ်ခု တည်ဆောက်မှုအပါအဝင် သန်လျင်-ကျောက်တန်း စက်မှုဇုန်ကို လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးမှအစ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တစ်ခုဖြစ်လာအောင် လိုအပ်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့ကြောင်း၊ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှသာ နိုင်ငံတော်၏စီးပွားရေး အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းမှာ ဖြစ်သည့်အတွက် စက်မှုဇုန်လုပ်ငန်းများ စနစ်တကျ ဖြစ်ထွန်းရေးသည် နိုင်ငံတော်၏ စီးပွားရေးအတွက် လွန်စွာအရေးကြီးကြောင်း"

ဆွေးနွေးမှာကြားသည်။

သန်လျင်- ကျောက်တန်းစက်မှုဇုန်သည် နိုင်ငံတကာအဆင့်မီ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများရှိထားပြီး ဖြစ်သည်။ သို့ဖြစ်၍ သန်လျင်-ကျောက်တန်း စက်မှုဇုန်ကို နိုင်ငံတကာအဆင့်မီ အထူးစက်မှုနယ်မြေတစ်ရပ်အဖြစ် ဖြစ်ထွန်းလာရေးအတွက် စနစ်တကျ ပင်မစီမံကိန်းတစ်ရပ်ရေးဆွဲပြီး အဆင့်မြှင့်တင်သွားရန် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတကာအဆင့်မီ အထူးစက်မှုနယ်မြေကြီး ပီပီပြင်ပြင် ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ရာ အထူးစက်မှုနယ်မြေ (သန်လျင်-ကျောက်တန်းဒေသ)ကို နိုင်ငံတကာအဆင့်မီ စက်မှုနယ်မြေ တစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်အကျိုးနှင့် ပြည်သူ့အကျိုး တိုးတက်ဖြစ်ထွန်းရေးကို ရှေးရှု၍ တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇူလိုင် ၂၅ ရက်က အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း သန်လျင် ဖန်စက်ရုံရှိ ပုလင်းထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ကျိုက်လတ်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၆

ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အမှတ်(၉)ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်ရှိ အသင်းတိုက်၌ ဩဂုတ်၇ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသော အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းရုံး ဖုန်း-၅၀၁၅၁၈၊ ဦးမောင်ငြိမ်း ဖုန်း-၆၆၇၁၃၂၊ ဦးကျော်မြင့် ဖုန်း-၂၆၉၂၀၁၊ ဦးကျော်ရင် ဖုန်း-၅၆၀၅၂၀၊ ဒေါ်သိန်းသိန်းဇော် ဖုန်း-၅၅၅၆၇၀၊ ဒေါ်မြင့်မြင့် ဖုန်း-၆၉၉၄၇၀၊ ဒေါ်မိမိ ဖုန်း-၅၁၃၄၁၃ နှင့် ဒေါ်သန်းသန်းအေး ဖုန်း-၃၇၇၅၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ မြသိန်းတန်အောင်ဓမ္မာရုံကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ပြည်တော်ပြန် တန်ခိုးရှင် မြသိန်းတန်ရုပ်ပွားတော်မြတ်ကြီးနှင့် ပရိယတ္တိစာသင်တိုက်များမှ ဆရာတော်သံဃာတော်မြတ်များအား (၃၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ရက်က အောင်ဓမ္မာရုံကြီးတွင် ကျင်းပရာ သင်္ကန်းအစုံ၂၇၀ ကို ဥက္ကဋ္ဌနှင့် နာယကများက နာယကဆရာတော်များထံ ဆက်ကပ်ကြစဉ်။ (၁၂၉)

သစ္စာလေးပါးတရား ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၆

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံတပည့် နိုင်ငံကျော်ဓမ္မကထိက သာသနာ့ဟိတဓရ ရွှေတံဆိပ်ဆုရ ဆရာကြီးဦးစောအောင်သည် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း အထက်ဘလောက် အောင်ဓမ္မာရုံကြီးတွင် ပဋိစ္စသမုပ္ပာဒ်ဒေသနာမြတ်နှင့် သစ္စာလေးပါးတရားများကို ခန္ဓာဉာဏ်ရောက်သဘာပေါက်အောင် (၁၃၆၆ ခု ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ (၃၁-၇-၂၀၀၄) စနေနေ့မှ စ၍ အပတ်စဉ်ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့တိုင်း တစ်ပတ်လျှင် နှစ်ရက် ည ၇ နာရီမှ ၉ နာရီအထိဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားဒေသနာ နာကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**

အောင်ဆန်းမိုးကုတ်ဝိပဿနာ (၁၀)ရက်စခန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၆

အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရိပ်သာပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်က စက်တင်ဘာ ၂ရက်မှ ၁၁ရက်အထိ ၁၀ရက်တရားစခန်းကို ခန္ဓာဉာဏ်ရောက် ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူယောဂီများသည် စက်တင်ဘာ ၁ရက် ညနေ အရောက်လာရောက်ကြရန်နှင့် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၆၄၁၉၆၆သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပေးအပ်

တာမွေမြို့နယ်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်၊ အရှေ့ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကံညွန့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးအောင် ဝင်းသိန်းတို့က ဇူလိုင်၂၃ ရက်က စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၁၁၅)

■ *ကျောဖုံးမှ*

ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ နံနက် ၁၀နာရီတွင် ရောက်ရှိကြသည်။

ဝိုင်းမော်ဆိပ်ကမ်းတစ်လျှောက်ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ ဝိုင်းမော်ဆိပ်ကမ်းနယ်မြေတစ်လျှောက် ကျောက်စီရေထိန်းနံရံ တည်ဆောက်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် ရေဘေးသင့်မြို့နယ်များသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနား အစီအစဉ်အရ ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရေဘေးဖြစ်ပေါ်ခဲ့မှုဖြစ်စဉ်၊ ၂၀၀၄ ခုနှစ် ဇူလိုင်တတိယပတ်အတွင်း မြစ်ကြီးနားမြို့နယ်အတွင်း ရေဘေးအဆင့်ဆင့် ဖြစ်ပေါ်မှုအခြေအနေ၊ ရေဘေးသင့်သည့် ရပ်ကွက်၊ ကျေးရွာနှင့် အိမ်ခြေအိမ်ထောင်စုနှင့် လူဦးရေအခြေအနေ၊ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားမှု၊ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့မှု၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်း ရေလွှမ်းမိုးမှုကြောင့် မိုးစပါးစိုက်ခင်းများ ထိခိုက်မှုနှင့် ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဖြင့် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကချင်ပြည်နယ် ရေဘေးသင့်မြို့နယ်များသို့ အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၅၂၈၂၄၅၃၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ် ၇၄၇၈၃၆၅၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဇနီးဒေါ်တင်တင်နွဲ့၊ သမီး မအိသက်သက်ဆွေနှင့် သား ဗိုလ်လောင်းကောင်းကျော်ဆွေ မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၇၅၃၆၀၀၀နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်နှင့် ရန်ကုန်မြို့မှ လုပ်ငန်းရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ရေဘေးကယ်ဆယ်ရေးအတွက် လှူဒါန်းသော အစားအစာနှင့် လူသုံးကုန်ပစ္စည်းများကို တာလောကြီးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစံထွန်းသို့ ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ငွေကျပ် ၆၉သိန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်ငွေကျပ် ၁၅သိန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ငွေကျပ် ၂၅၆၈၀၀၀တန်ဖိုးရှိ ပစ္စည်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) က ငွေကျပ်၁၆၀၀၀၀တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၂၃၀၃၉၁၅ တန်ဖိုးရှိပစ္စည်းများ၊ ရှယ်ဖယ်မလီ ကျောက်မျက်ကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ဖားကန့်လုပ်ငန်းရှင်အဖွဲ့က ငွေကျပ် သိန်း ၂၀၊ ဦးကျော်မြင့် ဟိုးအင်ဝမ်းကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးက ငွေကျပ် ၁၀သိန်းနှင့် အဝတ်အထည်များ၊ ဒေါ်အားမေက ငွေကျပ် ငါးသိန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စခန်းရုံးမှ ငွေကျပ် တစ်သိန်း၊ ဦးသာဆန်း ကွမ်လုံငြိမ်းချမ်းရေးမှ ငွေကျပ်နှစ်သိန်း၊ အာရ်စီကက်သလစ်အသင်းတော် အောင်နန်းရပ်ကွက်မှ ဆန်၁၀အိတ်၊ မီကို ကုမ္ပဏီက ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ ကော်ဖီမစ်နှင့် ပြောင်းဖူးမစ်များ၊ Swiss AID Myanmar Program မှ ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ ဆန်အိတ်၁၀၀၊ ကချင်အထူးဒေသ(၂)မှ ငွေကျပ်၁၀သိန်းနှင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာက ငွေကျပ်ငါးသိန်းနှင့် အဝတ်အထည်များတို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေတို့က လက်ခံကြသည်။

အလှူရှင်များ၏ ယနေ့လှူဒါန်းမှုမှာ အလှူငွေနှင့်ပစ္စည်းတန်ဖိုး စုစုပေါင်း ၈၄၅၈၀၉၈၅ကျပ်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ မြစ်ကြီးနားမြို့သို့ ရောက်ရှိလာပြီး မြစ်ကြီးနားမြို့ ပတ်ဝန်းကျင်ဒေသများ ရေကြီးနစ်မြုပ်ခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား အားပေးကူညီထောက်ပံ့ပေးရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် ယခုကဲ့သို့ ရေကြီးနစ်မြုပ်မှုကဲ့သို့သော မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သည့်နိုင်ငံမြောက်မြားစွာရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုမျိုးမှာ များစွာနည်းပါးကြောင်း၊ ထိုသို့နည်းပါးရခြင်းမှာ သစ်တော၊ သစ်ပင်ထိန်းသိမ်းကာကွယ်ပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုကြောင့်ဖြစ်ကြောင်း။

အထူးသဖြင့် ကချင်ပြည်နယ်ကဲ့သို့သော တောင်ကုန်းတောင်တန်းပေါများသည့်ဒေသတွင် သဘာဝပတ်ဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် အထူးဂရုပြု ဆောင်ရွက် သွားကြရန် အရေးကြီးကြောင်း၊ တောင်ကုန်းတောင်တန်း ထူထပ်သဖြင့် ယင်းတောင်ကုန်းတောင်တန်းများပေါ်တွင် တောင်ယာခုတ်ထွင် စိုက်ပျိုးမှုများကြောင့် သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဖြစ်ကာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီး မိုးခေါင်ခြင်း၊ ရေကြီးခြင်းများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ အချို့ဒေသများတွင် မိုးကြီးခြင်းကြောင့် မိုးရေတိုက်စားကာ မြေဆီလွှာများ ထိန်းသိမ်းထားနိုင်ခြင်းမရှိဘဲ မိုးရေနှင့်အတူ မြစ်များ၊ ချောင်းများအတွင်းသို့ စီးဝင်ကာ မြစ်ကြမ်းပြင်မြင့်တက်လာမှုများ ဖြစ်ပေါ်လာကာ ရေစီးရေလာကောင်းမွန်မှု မရှိတော့သဖြင့် ယခုကဲ့သို့ မြစ်ရေကြီးခြင်း၊ ရေလွှမ်းမိုးခံရခြင်းတို့ ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

ထို့ကြောင့် ရာသီဥတုသာယာမျှတစေရေးအတွက် နိုင်ငံတော်က သစ်တော၊ သစ်ပင်များ ပြုစုထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့ကို စီမံချက်များချကာ အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသနေပြည်သူများကလည်း နိုင်ငံတော်အစိုးရက စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းရပ်တစ်ခုဖြစ်သည့် သစ်တော၊ သစ်ပင်ပြုစုပျိုးထောင်စိုက်ပျိုးရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တောင်ယာခုတ်ထွင်စိုက်ပျိုးမှုပပျောက်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း။

အထူးသဖြင့် မြစ်ကြီးနားကဲ့သို့သော မြစ်၊ ချောင်းများနီးသည့် ဒေသများတွင် မိုးရာသီကာလ၌ ယခုကဲ့သို့ ရေကြီးနစ်မြုပ်မှုများဖြစ်လေ့ဖြစ်ထရှိကြောင်း၊ ထိုသို့မြစ်ရေကြီးခြင်းမှာ အခိုက်အတန့်သာဖြစ်ကြောင်း၊ ယခုပင် ရေများပြန်လည်ကျစပြုနေပြီဖြစ်ကြောင်း၊ ရေကျပြီးပါက ရေနှင့်အတူပါရှိလာသည့် နုန်းများကြောင့် မြေဆီလွှာ ပိုကောင်းလာခြင်း၊ သီးနှံဖျက်ပိုးများ သေကျေပျက်စီးခြင်းတို့ကြောင့် ပြန်လည်စိုက်ပျိုးသည့်အခါတွင် သီးနှံများပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေများပြန်လည်ကျဆင်းပြီးပါက အဓိကသီးနှံဖြစ်သည့် စပါးကို ပြန်လည်စိုက်ပျိုးရေး ဖိဖိစီးစီးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုကဲ့သို့ မြစ်ကြီးနားဒေသတွင် ရေကြီးနစ်မြုပ်ခြင်းဖြစ်ခဲ့မှုနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ယနေ့ကျင်းပပြုလုပ်သည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ရေဘေးသင့်ခံခဲ့ကြရသည့် ဒေသနေပြည်သူများအတွက် ယခုကဲ့သို့ ဝိုင်းဝန်းကူညီ လှူဒါန်းမှုပြုကြသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ဒေသနေအလှူရှင်များ၊ ဒေသအသီးသီးမှ လှူဒါန်းကြသည့် စေတနာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့အစည်းအသီးသီးတို့၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရေဘေးသင့်ဒဏ်ခံခဲ့ကြရသည့် ဒေသများမှာ အချိန်တိုတိုအတွင်း လျင်မြန်စွာ ပြန်လည်တိုးတက်လာမှာဖြစ်ကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၅ ကော်လံ ၁

ဘဂ္ဂဒက်နှင့် အီရတ်နိုင်ငံအနှံ့ရှိ ဆေးရုံများ
ဆေးဝါးများပြတ်လပ်ပြီး မကြာခဏတိုက်ခိုက်ခံနေရ

ဘဂ္ဂဒက် ဇူလိုင် ၂၅

စစ်ဒဏ်ခံခဲ့ရသည့် အီရတ်နိုင်ငံ၌ မြို့တော်ဘဂ္ဂဒက်ရှိ ဆေးရုံများ၌သာမက နိုင်ငံအနှံ့ရှိ ဆေးရုံများ၌ပါ ဆေးဝါးများ ပြတ်လပ်နေသကဲ့သို့ မကြာခဏ တိုက်ခိုက်မှုလည်း ခံနေကြရသည်။

ယိုယွင်းပျက်ပြားနေသော အီရတ်ကျန်းမာရေးစနစ်ကို ပြုပြင်ရန် အီရတ်အစိုးရက ရန်ပုံငွေ ကောက်ခံလျက်ရှိပြီး နေ့စဉ်သုံး ဆေးဝါးများဖြစ်သည့် ပဋိဇီဝဆေးများနှင့် ဆီးချိုနှင့် ကင်ဆာကဲ့သို့ ရောဂါများအတွက် ကုသရန်ဆေးဝါးများကို ဝယ်ယူရန် ကြိုးစားလျက်ရှိသည်။

သေဆုံး

မှန်ကန်သောကုထုံးနှင့် သင့်တော်သော ဆေးဝါးများကို မှီဝဲရပါက ရောဂါသက်သာ ပျောက်ကင်းနိုင်သော်လည်း ငွေကြေး၊ ဆေးဝါးနှင့် ကျွမ်းကျင်မှုနည်းပါးသည့်အတွက် လူနာများသည် ဒုက္ခမရောက်သင့်ဘဲ ရောက်နေကြရသည်။ ထို့အပြင် ဆေးရုံ၊ ဆေးခန်းများကိုပါမကျန် ဗုံးခွဲတိုက်ခိုက်ခြင်း၊ မော်တာဖြင့်ပစ်ခတ်ခြင်းတို့ကြောင့် လူလေးဦး သေဆုံးခဲ့ရသည်။

ခံစားရ

လူနာများနှင့် လူနာစောင့်များသည် ဆေးရုံ၌ပင် မနေရဲအောင် ရှိနေပြီး ဆေးရုံ၌နေပါကလည်း သန့်ရှင်းမှုမရှိသည့်အတွက် ကူးစက်မှုဒဏ်ကို ခံစားရဖွယ်ရှိသည်။ ဤအချက်များကြောင့် အီရတ်ကျန်းမာရေးစနစ် နာလန်ထူနိုင်ရန် အတော်ကြိုးစားရမည်ဖြစ်သကဲ့သို့ အီရတ်ကြားဖြတ် အစိုးရအနေဖြင့် ရင်ဆိုင်ရမည့် အကြီးမားဆုံး ပြဿနာတစ်ရပ်ဖြစ်သည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း



နိုင်ငံတကာသတင်းများ

ထရပ်ကားယာဉ်မောင်းသူများအား ပြန်ပေးဆွဲမှု
အီရတ်ရှိနိုင်ငံခြားကုမ္ပဏီအချို့ စီးပွားရေးလုပ်ငန်းရပ်ဆိုင်း

ကူဝိတ်စီးတီး ဇူလိုင် ၂၅

အီရတ်တွင်ရှိသော ပုဂ္ဂလိက ကုမ္ပဏီများအတွက် လောင်စာဆီနှင့် အခြားထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးသော ထရပ်ကားမောင်းသမားများအား ပစ်မှတ်ထားပြီး ပြန်ပေးဆွဲမှုများ ပေါ်ပေါက်လာမှုကြောင့် အီရတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ရန် နည်းလမ်းများကို ကုမ္ပဏီများအနေဖြင့် ပြန်လည်စဉ်းစားလာနေရသည်။

ဆွေးနွေးမည်

အီရတ်တွင်ရှိသော နိုင်ငံခြားကုမ္ပဏီတစ်ခု ထက်မနည်းသည် ပြန်ပေးဆွဲခံထားရသော ယင်းတို့၏ အလုပ်သမားများ လွတ်မြောက်ရေးအတွက် ယင်းတို့၏ လုပ်ငန်းများအား ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြပြီး ဖမ်းဆီးခံထားရသော ကားမောင်းသမားခုနစ်ဦး လွတ်မြောက်ရေးအတွက် ကူဝိတ်ပို့ဆောင်ရေးကုမ္ပဏီက စေ့စပ်ဆွေးနွေးမည်ဟု ပြောဆိုသည်။

ကြိုးပမ်း

အချို့ကုမ္ပဏီများက ပစ်မှတ်ထားမှု လျော့နည်းဖွယ်ရှိသော အီရတ် သို့မဟုတ် ဂျော်ဒန်နှင့် အခြားနိုင်ငံသားများအား အလုပ်လုပ်စေခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုကို ချဲ့ပစ်ရန် ကြိုးပမ်းလျက်ရှိသည်။

အီရတ်တွင် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး ပြန်ပေးဆွဲခံခဲ့ရပြီးနောက်ပိုင်း၌ အစိုးရက တားမြစ်ထားသော်လည်း ဖိလစ်ပိုင် ထရပ်ကားမောင်းသမားများသည် အီရတ်နိုင်ငံထဲသို့ သွားရောက်နေဆဲရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ဖော်လူဂျာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အီရတ်ပြောက်ကျား တစ်ဦးကို ဇူလိုင် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အစိုးရ ဆောက်လုပ်ရေးကုမ္ပဏီအကြီးအကဲ
လက်နက်ကိုင်ခုခံတိုက်ခိုက်ရေးသမားများ ပြန်ပေးဆွဲထား

ဘဂ္ဂဒက် ဇူလိုင် ၂၅

အီရတ်အစိုးရပိုင် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၏ အကြီးအကဲကို ခုခံတိုက်ခိုက်ရေး သေနတ်သမားများက ပြန်ပေးဆွဲထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

ပြန်ပေးဆွဲ

ဘဂ္ဂဒက်တောင်ပိုင်းရှိ သူ၏နေအိမ်မှနေ၍ အလုပ်သို့ ကားမောင်းသွားစဉ် ထိုသို့ ပြန်ပေးဆွဲခံရခြင်းဖြစ်သည်ဟု ဆိုသည်။ ဘဂ္ဂဒက်မြို့၏ အရှေ့တောင်ဘက်ရှိ ဇာအူနာအရပ်တွင် လူစည်ကားသော လမ်းအတွင်း၌ လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများက သူ၏ကားအား ပိတ်ဆို့ထားပြီးနောက် သူ့အား ဖမ်းသွားခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

လုပ်ဆောင်ပေးနေ

အယ်လ်မန်ဆောကုမ္ပဏီသည် အီရတ်ဝန်ကြီးဌာနများအတွက် ဆောက်လုပ်ရေးစီမံကိန်းအချို့ကို လုပ်ဆောင်ပေးနေသော ဆောက်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည်။ ဘဂ္ဂဒက်တွင် အိမ်ရာများနှင့် အီရတ်တပ်ဖွဲ့သစ်အတွက် စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို ဆောက်လုပ်ပေးသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံအား ကုန်သွယ်ရေးအကူအညီ ရုရှားပေးမည်

မော်စကို ဇူလိုင် ၂၅

ရုရှားနိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ရန် မရည်ရွယ်ခဲ့သော်လည်း ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ပြီး ကြွေးမြီ ဝန်ထုပ်ဝန်ပိုးကို သက်သာစေခြင်းဖြင့် အကူအညီပေးရန် ပြင်ဆင်ထားသည်ဟု စနေနေ့၌ ရုရှားနိုင်ငံက ပြောကြားလိုက်သည်။

ကတိပြု

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်သည် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှီယာဇီဘာရီနှင့် ဆွေးနွေးအပြီး၌ ထိုသို့အကူအညီပေးရန် ကတိပြုလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်လ၌ ပြည်သူ့ရေးရာ ကိစ္စများကို ထိန်းချုပ်ရန် အီရတ်ကြားဖြတ်အစိုးရက တရားဝင် လွှဲယူခဲ့ပြီးနောက် မော်စကိုသို့ အီရတ်ထိပ်တန်းအရာရှိတစ်ဦး ယခုလာရောက်ခြင်းသည် ပထမဆုံးဖြစ်သည်။

ပြင်ဆင်

ရုရှားနိုင်ငံသည် အီရတ်၏ အချုပ်အခြာအာဏာကို အခြားနည်းလမ်းများဖြင့် အထောက်အကူပေးရန် ပြင်ဆင်ထားကြောင်း၊ အထူးသဖြင့် ကုန်သွယ်ရေးဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ယခုပေးမည့် အကူအညီသည် နိုင်ငံစုံတပ်ဖွဲ့တွင် ပါဝင်သော အခြားနိုင်ငံများက ပေးသည့် အကူအညီထက် လျော့မည် မဟုတ်ကြောင်း ၎င်းက ပြောဆိုသည်။

ရုပ်သိမ်း

အီရတ်နိုင်ငံတွင် အလုပ်သမားများအား ပြန်ပေးဆွဲမှုများနှင့် တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ယခုနှစ်တွင် အီရတ်မှနေ၍ ရုရှားကျွမ်းကျင် ပညာရှင်များကို ရုပ်သိမ်းခဲ့သည်။

ပြန်လာမည်

ဝန်ကြီး လက်ဗ်ရော့ဗ်က လုံခြုံရေးတိုးတက်သည်နှင့် ထိုကျွမ်းကျင် ပညာရှင်များအား အီရတ်သို့ ပြန်လာကြမည်ဟု ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

လုပ်ကြံသတ်ဖြတ်မှုများနှင့် ပြန်ပေးဆွဲမှုများ
အီရတ်နိုင်ငံ၌ ဆက်လက်ဖြစ်ပွားလျက်ရှိ

ဘဂ္ဂဒက် ဇူလိုင် ၂၅

အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးသည် အီရတ်လက်နက်ကိုင်များ၏ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ ၎င်းသည် အီရတ် အိုးအိမ်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ရိုင်ယာအက်နန်ဆိုသူဖြစ်ပြီး ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၏ အကြီးအကဲဖြစ်သည်။

ဤအတောအတွင်း အီရတ်အရာရှိများကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုများ ဖြစ်ပွားနေသကဲ့သို့ ပြန်ပေးဆွဲ ဖမ်းဆီးမှုများသည်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိနေသည်။

တောင်းဆို ခြိမ်းခြောက်မှုများနှင့်အတူ ပြန်ပေးဆွဲမှုများကြောင့် နိုင်ငံခြားသံတမန်များသည် ၎င်းတို့၏ နိုင်ငံသားများ လွတ်မြောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အီရတ် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုဖြစ်ပွားခဲ့ပြီး၊ အီဂျစ်သံတမန်တစ်ဦးသည်လည်း ဘဂ္ဂဒက်မြို့၌ ပြီးခဲ့သော သောကြာနေ့က ဓားစာခံအဖြစ် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ၎င်းပြန်လည် လွတ်မြောက်နိုင်ရန်အတွက် အီဂျစ်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အီရတ်နိုင်ငံ၌ တပ်ဖွဲ့ဝင်များ လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းတို့ကဲ့သို့ အီရတ်နိုင်ငံ လုံခြုံရေးကိစ္စ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုရန် လက်နက်ကိုင်များက အီဂျစ်အစိုးရအား တောင်းဆိုထားသည်။

အီဂျစ်နိုင်ငံမှ ၎င်းသံတမန်တစ်ဦးသာမဟုတ်ဘဲ ထရပ်ကားမောင်းသူတစ်ဦးသည်လည်း ပြန်ပေးဆွဲခံထားရကြောင်း သိရှိရသည်။ ကူဝိတ်အခြေစိုက် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းအချို့ကိုလည်း ဓားစာခံများအဖြစ် ဖမ်းဆီးထိန်းသိမ်းထားပြီး၊ အမေရိကန်အကျဉ်းထောင်များရှိ ထိန်းသိမ်းထားသော အီရတ်အကျဉ်းသားများအားလုံးကို ပြန်လည်လွှတ်ပေးရန် လက်နက်ကိုင်အဖွဲ့က တောင်းဆိုလျက်ရှိကာ ခြိမ်းခြောက်မှုများနှင့်အတူ ဗီဒီယိုတိပ်ခွေများကိုလည်း သတင်းမီဒီယာအဖွဲ့များအား ဖြန့်ချိလျက်ရှိသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးအနီး လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



စာမျက်နှာ ၃ မှ

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ရေကြီးမှု ရေဘေးသင့်ဒဏ်ခံရသည့် မြစ်ကြီးနားမြို့မန်ခိန်ရပ်ကွက်၊ စီတာပူရပ်ကွက်တို့သို့လည်းကောင်း၊ မြို့မရပ်ကွက်ရှိ ဝိုင်းမော်ဆိပ်ကမ်းနယ်မြေတစ်လျှောက် ဧရာဝတီမြစ်ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ကျောက်စီရေထိန်းနံရံတည်ဆောက်ကာကွယ်ထားမှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ အတွင်းရေးမှူး(၂)က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး မြစ်ကြီးနားမြို့ မလိခရိပ်သာသို့ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာသို့ ရောက်ရှိကြပြီး ယင်းမှတစ်ဆင့် စက်တပ်ရေယာဉ်များဖြင့် တာလောကြီး တိုက်နယ်ဆေးရုံဝင်းအတွင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြရာ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ရှေးဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရေဘေးသင့်ခံရသည့် ဒေသခံပြည်သူများအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် တာလောကြီးကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှတစ်ဆင့် ရေဘေးသင့်ကာလအတွင်း ကလေးမွေးဖွားမိခင်နှစ်ဦးနှင့် ကလေးများအတွက် ငွေကျပ်တစ်သိန်း၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုဌာနချုပ်က ငွေကျပ် သိန်း ၇၀၊ တာလောကြီးကျေးရွာအုပ်စု မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်မိသားစုများအတွက်ငွေကျပ်တစ်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့က တာလောကြီးကျေးရွာရေဘေးသင့်ခံပြည်သူများအတွက် အစားအစာ၊ လူသုံးပစ္စည်းနှင့် အဝတ်အထည်များ၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာလောကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အပြီးသတ် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀ တို့ကို အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများက တာလောကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံထွန်းနှင့် ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးတို့အား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး တာလောကြီးကျေးရွာမှ ပြန်လည်ထွက်ခွာကြသည်။

မှာကြား

ယင်းမှတစ်ဆင့်အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ နယ်မြေခံတပ်ရင်းမှူး ဗိုလ်မှူးမြင့်မော်နှင့် တပ်မတော်မိသားစုဝင်များ၊ ဆင်ဘိုမြို့ အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

သာယာလှပရေး

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆင်ဘိုမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင် မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ငါးရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံ ပြည်သူများ၊ တပ်မတော်သားများနှင့် ပူးပေါင်းကာ တက်ညီလက်ညီ ဆောင်ရွက်ရေး၊ ဆင်ဘိုမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်၏ လှူဒါန်းငွေကျပ် သိန်း ၇၀ ကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရာဝမ်ဂျူက တာလောကြီးကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစံထွန်းနှင့်အဖွဲ့အား ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ရေဘေးကယ်ဆယ်ရေးအတွက် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၅၂၈၂၄၅၃ကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရေဘေးကယ်ဆယ်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်နှင့် ရန်ကုန်မြို့မှ လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၃၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဇူလိုင် ၂၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်ထူထပ်ခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး တနင်္သာရီတိုင်း၌ နေရာကွက်၍မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအများအားဖြင့် အားကောင်းနေကြောင်းသိရသည်။

ဇူလိုင် ၂၇ ရက် ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၇-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ် တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ

၈:၁၅ ၇။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)

၈:၃၀ ၈။ International News

၈:၄၅ ၉။ Grammar Made Easy

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)

၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၁၇:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်

၁၇:၄၀ ၈။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး

၁၇:၄၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်

၁၈:၁၅ ၁၀။ နိုင်ငံခြားကာတွန်းဓာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၁၀)

၁၈:၃၀ ၁၁။ ညနေခင်းသတင်း

၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၃။ မြန်မာစာ မြန်မာစကား

၁၉:၂၀ ၁၄။ ကြေးမုံရိပ်သွင် တေးနုယဉ်

၁၉:၃၅ ၁၅။ လှပစုံလင် အင်းလျားကန်တစ်ခွင်

၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ နိုင်ငံခြားဓာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း-၈)

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၅-၇-၂၀၀၄

ကော့သောင်းမြို့	၆ ဒသမ ၅၄ လက်မ
ထားဝယ်မြို့	၂ ဒသမ ၆၀ လက်မ

ဒုတိယတန်းနှင့်တတိယတန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်း(ခ)က ဝိရအသင်းကိုအနိုင်ရဗိုလ်စွဲ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-မောင်ဝင်း(ကျွန်းဆွယ်)

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းနှင့် တတိယတန်းကွင်းပိတ် (ရှုံးထွက်) ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ စီးပွား/ကူးသန်း(ခ)အသင်းက ဝိရအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

စီးပွား/ကူးသန်း(ခ)အသင်းသည် ခြေအသာစီးမှကစားပြီး ဝိရအသင်းကွင်းတစ်ဝက်ကို ဖိထားနိုင်ခဲ့သော်လည်း ဝိရအသင်းက တစ်သင်းလုံး ပိတ်ဆို့ကစားနေ၍ ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် သုံးဂိုးထပ်သွင်းကာ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ စီးပွား/ကူးသန်း(ခ)အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် အောင်ရဲထွဋ်က သွင်းယူပေးသည်။

သုံးဂိုးသွင်းယူ

စီးပွား/ကူးသန်း(ခ)အသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်အား မြှင့်တင်ပြီး အဆက်မပြတ် ထိုးဖောက်နိုင်ခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် နောက်တန်းလူ ဉာဏ်ထွန်းက ကန်သွင်းယူသည်။ တတိယဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် အောင်ရဲထွဋ်က ခေါင်းတိုက်သွင်းယူသည်။ စတုတ္ထဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် ဒုတိယပိုင်း၌ လူစားဝင်လာသူ ကျော်ဆန်းလင်းက သွင်းယူပေးသည်။ စီးပွား/ကူးသန်း(ခ)အသင်းသည် ဒုတိယပိုင်းတွင် ခြေအသာစီးမှ တစ်ဖက်သတ်ဖိကစားနိုင်သော်လည်း ဝိရအသင်းက ကြမ်းတမ်းစွာဖျက်ကစားမှုကြောင့် ရှောင်ကစားနေရပြီး ဂိုးအရနည်းခဲ့ခြင်း ဖြစ်သည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိသည့် ဝိရအသင်းနှင့် ဒုတိယတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိသည့် ပပနအသင်းတို့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အကြံပေးဦးကီးလှတင်ကလည်းကောင်း၊ တတိယတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိသည့် ဝိရအသင်းနှင့် ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိသည့် အား/ကာသိပ္ပံ (ရန်ကုန်) အသင်းတို့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင် ဒုတိယဗိုလ်မှူးကြီး လှမော်ဦးကလည်းကောင်း ဆုများ ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ တတိယတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသည့် အမှတ်(၃၂၃) ထပရအသင်း၊ တတိယတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသည့် ပထပအသင်းနှင့် ဒုတိယတန်းနှင့် တတိယတန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိသည့် ဝိရအသင်းတို့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုက တစ်ဦးချင်း ဆုတံဆိပ်၊ တံခွန်စိုက်ဖလားနှင့် ဆင့်ပွားဖလား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဒုတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယတန်းနှင့် တတိယတန်း ကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသွားသော စီးပွား/ကူးသန်း (ခ) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ တံခွန်စိုက်ဖလားနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

တွေ့ဆုံမေးမြန်း

ဆုပေးပွဲ အခမ်းအနားအပြီးတွင် ဘောလုံးရာသီတစ်ခုအတွင်း ဆုဖလားသုံးခုဆွတ်ခူးရယူနိုင်ခဲ့သော စီးပွား/ကူးသန်း(ခ)အသင်းမှ တာဝန်ရှိသူများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ စီးပွား/ကူးသန်းဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ အထွေထွေမန်နေဂျာ(စီမံ) ဒုတိယဗိုလ်မှူးကြီးလှမော်ဦးအား ဗိုလ်လုပွဲအပေါ် သဘောထားမေးမြန်းရာတွင် “မိမိအသင်းမှ အားကစားသမားများ သန့်သန့်ရှင်းရှင်းဖြင့် အားကစားသမားကောင်းပီသစွာကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ စီးပွား/ကူးသန်း ဘောလုံးအသင်းများအနေဖြင့် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှုနှင့် ကျွမ်းကျင်မှုကိုပေါင်းစပ်ပြီး ယှဉ်ပြိုင်လျက်ရှိကြောင်း၊ တစ်ဖက်အသင်းမှ မည်သို့ပင် ကြမ်းတမ်းစွာကစားသည်ဖြစ်စေ မိမိတို့အနေဖြင့် ဘောလုံးကိုသာ အာရုံစိုက်ကစားရန် အမြဲမှာ ကြားထားသလို ကစားသမားများကလည်း လိုက်နာကြကြောင်း၊ နောင်လာမည့်ပြိုင်ပွဲများ၌လည်း စိတ်ဓာတ်၊ စည်းကမ်းနှင့် ကျွမ်းကျင်မှုကို အခြေခံကာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ အထွေထွေမန်နေဂျာ (စီမံကိန်းနှင့်စာရင်းအင်းဌာန) ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်းကလည်း “ယနေ့ပွဲတွင် မိမိတို့ အနိုင်ရရှိမည်ဟု မျှော်လင့်ထားသည့်အတိုင်း ထိုက်ထိုက်တန်တန် ဗိုလ်စွဲခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ စီးပွား/ကူးသန်း ဘောလုံးအသင်းများအနေဖြင့် မြန်မာ့ဘောလုံးအားကစားတိုးတက်မြင့်မားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေး လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ရှိသူများအပိုင်းကလည်း အားကစားသမားများကို ဆက်လက်၍ ပံ့ပိုးမှုများ ပေးသွားမည်ဖြစ်ကြောင်း၊ ယခုထက် ပိုမို၍ ခြေစွမ်းပြကစားနိုင်ပြီး နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်ဘောလုံးသမားများဖြစ်လာရေးအတွက် ဝိုင်းဝန်းအားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

စီးပွား/ကူးသန်း(ခ)အသင်း

စီးပွား/ကူးသန်း(ခ)အသင်းသည် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းကွင်းဖွင့်ဖလားပွဲ၌ ပထမ၊ အမှတ်ပေးပြိုင်ပွဲ၌ ပထမရရှိထားပြီးဖြစ်ရာ ယခုကွင်းပိတ်(ရှုံးထွက်)ပြိုင်ပွဲ၌ ပထမရရှိသဖြင့် ဘောလုံးရာသီ တစ်ခုအတွင်း ဒုတိယတန်းပြိုင်ပွဲမှ ဆုဖလားသုံးလုံး ဆွတ်ခူးရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယတန်းနှင့် တတိယတန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ စီးပွား/ကူးသန်း(ခ) အသင်းသည် ပထမအဆင့်၌ ငွေကြယ်ပွင့်လေးများအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယအဆင့်၌ တကအရဲမွန်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် ရွက်သစ်လူငယ်အသင်းကို ၁၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်း လူငယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် ဝိရအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။စီးပွား/ကူးသန်း (ခ) အသင်းသည် ပထမအဆင့်မှ ဗိုလ်လုပွဲအထိ ငါးပွဲ ယှဉ်ပြိုင် ကစားခဲ့ရာတွင် ဂိုး၃၀ သွင်းယူနိုင်ခဲ့ပြီး လေးဂိုးသာ အသွင်းခံခဲ့ရသည်။

သုံးသင်းဖွဲ့စည်းထား

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် ဘောလုံးအသင်း သုံးသင်းဖွဲ့စည်းထားရှိပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ စီးပွား/ကူးသန်း(က)အသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့သည် အဆင့်မြင့်တန်း၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး စီးပွား/ကူးသန်း(ခ)အသင်းသည် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ပထမတန်းဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၀၁-၂၀၀၂ ခုနှစ် ဘောလုံးရာသီအထိ အဆင့်မြင့်တန်းတွင် စီးပွား/ကူးသန်း (က) အသင်းအမည်ဖြင့် တစ်သင်းသာ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၀၁ ခုနှစ် ပထမအကြိမ် စီးပွား/ကူးသန်းဝန်ကြီးဖလား လူငယ်ဘောလုံးပြိုင်ပွဲနှင့် ၂၀၀၃ ခုနှစ် ဒုတိယအကြိမ် စီးပွား/ကူးသန်း ဝန်ကြီးဖလား လူငယ်ဘောလုံးပြိုင်ပွဲတို့ကိုကျင်းပပြီး ခြေစွမ်းထက် သောလူငယ်မျိုးဆက်သစ်များကို ရှာဖွေစုဆောင်းခဲ့သည်။

၂၀၀၂-၂၀၀၃ ခုနှစ် ဘောလုံးရာသီ၌ ပထမအကြိမ် စီးပွား/ကူးသန်း ဝန်ကြီးဖလားဘောလုံးပြိုင်ပွဲမှရွေးချယ်ထားသူများဖြင့် စီးပွား/ကူးသန်း(ခ) အသင်းကို ဖွဲ့စည်းကာ ဒုတိယတန်း အမှတ်ပေးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမရရှိခဲ့သည်။ အဆိုပါ ဘောလုံးရာသီ၌ပင် ပထမတန်း ကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိခဲ့သည်။

အမည်ပြောင်း

၂၀၀၃-၂၀၀၄ ခုနှစ်ဘောလုံးရာသီတွင် ပထမတန်း၌ စီးပွား/ကူးသန်း (ခ) အသင်းအမည်အစား လယ်ယာထွက်ကုန်အသင်းဟု အမည်ပြောင်းလဲပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမတန်း ကွင်းဖွင့်ဖလားပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သည်။ ဆက်လက်၍ ပထမတန်း အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရရှိသဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီတွင် အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့် ရရှိခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၀၃ ခုနှစ် ဒုတိယအကြိမ် စီးပွား/ကူးသန်း ဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲမှ စုဆောင်းထားသည့် လူငယ်များဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းပြိုင်ပွဲတွင်စီးပွား/ကူးသန်း (ခ) အသင်းအမည်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဘောလုံးရာသီတစ်ခုအတွင်း ဆုဖလား သုံးခုဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် မြန်မာ့ဘောလုံး အားကစားတိုးတက်မြင့်မားရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုစေရန်အတွက် နိုင်ငံ့ကိုယ်စားပြု လူငယ်လက်ရွေးစင်များ မွေးထုတ်ပေးနိုင်ရေးနှင့် အဆင့်မြင့်တန်းအသင်းကြီးများအတွက် မျိုးဆက်သစ်များ မွေးထုတ်ရေးတို့ကို ရည်ရွယ် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဖွဲ့စည်းထား

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အားကစားနှင့်ကာယပညာကော်မတီ ဦးဆောင်နာယကအဖြစ် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဘောလုံးဆပ်ကော်မတီ နာယကအဖြစ် ဦးမင်းလှအောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး)၊ ဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်မှူးကြီး လှမော်ဦး(အထွေထွေမန်နေဂျာ)၊အတွင်းရေးမှူးအဖြစ် ဗိုလ်ကြီးညွန့်အောင် (ဒုတိယအထွေထွေမန်နေဂျာ)တို့ ဖြစ်ကြသည်။

စီးပွား/ကူးသန်း(ခ)အသင်း အဖွဲ့ခေါင်းဆောင်အဖြစ်ဗိုလ်မှူးအောင်နိုင်ဦး (ရန်ကုန်တိုင်း မန်နေဂျာ)၊ အုပ်ချုပ်မှုအဖွဲ့ဝင်များအဖြစ် ဦးနီပေါ(အင်ဂျင်နီယာချုပ်)၊ ဦးအောင်သန်းဦး (တိုင်းအင်ဂျင်နီယာ)နှင့် ဦးခင်ဇော်(စက်ရုံမှူး) တို့ဖြစ်ကြသည်။

နည်းပြအဖြစ် ဦးမျိုးဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးစောနေဒါတို့က တာဝန်ယူဆောင်ရွက်ပြီး အားကစားသမားများအဖြစ် **(ဂိုး)** သီဟစည်သူ၊ သက်နောင်စိုး၊ **(နောက်တန်း)** ဉာဏ်ထွန်း၊ စိုးမိုးအောင်၊ လင်းထိုက်၊ လှမင်းသိန်း၊ လတ်ကိုကိုအေး၊ အောင်မျိုးသန့်၊ စောမူပလူတူး၊ မင်းကိုကို၊ ကောင်းထွန်း၊ ဖြိုးဝေစိုး၊ **(အလယ်တန်း)** အောင်မင်းဦး၊ ရာဇာဝင်းသိန်း၊ အောင်မျိုးမြတ်၊ စောအယ်ဘွယ်မှူး၊ **(ရှေ့တန်း)**ထူးကျော်၊ စောဒိုစိုး၊ ကျော်ဆန်းလင်း၊ အောင်ရဲထွဋ်နှင့် နေလင်းထိုက်တို့ပါဝင်ကြသည်။ ။

(မြန်မာ့အလင်း)

၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းနှင့် တတိယတန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲတွင် ဝိရအသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲသွားသော စီးပွား/ကူးသန်း(ခ)အသင်းအား ဆုပေးပွဲအခမ်းအနား အပြီးတွင် တွေ့ရစဉ်။ ဓာတ်ပုံ-မောင်ဝင်း (ကျွန်းဆွယ်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် ဇူလိုင် ၂၆

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စောရန်ပိုင်မြောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ရွှေမင်္ဂလာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဌေးဝင်းနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်မမတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ဦးစီးမှူးဒေါ်ခင်မမက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်း သိကောင်းစရာများ ဟောပြောကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို လှိုင်းဘွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ယင်းနောက် သိမ်ဇရပ်အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးမင်းလွင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောဝေတို့က မာလ်တီမီဒီယာစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မာလ်တီမီဒီယာစာသင်ခန်းများအတွက် အထောက်အကူပြုပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးမင်းလွင်အား ပေးအပ်သည်။

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့ ဆိပ္ပျူးတောင် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ ရောက်ရှိကြရာ ကျောင်းသားလူငယ်များက ဂါရဝပြုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဆိပ္ပျူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ သင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကိုကျင်းပရာ ဂေဟာတည်ထောင်သူ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိကနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံတိုင်းရင်းသားပြည်သူများ၊ အလှူရှင်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆိပ္ပျူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကွန်ပျူတာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်အား ပေးအပ်လှူဒါန်းသည်။

လှူအပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကျိုက္ကလှဲမင်းကျောင်းဆရာတော် ဦးစန္ဒိမာလှူဒါန်းသော ရုပ်မြင်သံကြားစက်နှင့် ဗွီစီဒီစက်တို့ကို အလှူရှင်ကိုယ်စားလှယ်များက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ညိုအား လှူအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင် ဦးရဲထွန်းက သင်ထောက်ကူ ပစ္စည်းများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌအား ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့မှ မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာကြပြီး သထုံမြို့မှတစ်ဆင့် ကရင်ပြည်နယ် ဘားအံမြို့နယ်သို့ ရောက်ရှိကြရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ညနေပိုင်းတွင် ကရင်ပြည်နယ် ရွှေဂွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ရွှေဂွန်းအခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းညွန့်တို့က မာလ်တီမီဒီယာစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မာလ်တီမီဒီယာစာသင်ခန်းများ၌ ကျောင်းသားကျောင်းသူများ ခေတ်မီအီလက်ထရွန်နစ်သင်ထောက်ကူပစ္စည်းများဖြင့် သင်ယူနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ရွှေဂွန်း အခြေခံပညာအထက်တန်းကျောင်း ဖွဲ့ကပင်ခန်းမ၌ မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ကျောင်းသားကျောင်းသူများက အဆို၊အက အနုပညာများဖြင့် ဖြေဖျော်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရွှေဂွန်းအခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှု အထောက်အကူပြုတိပ်ခွေနှင့် စီဒီချပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းအား ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကွန်ပျူတာသုံးလုံးကို လည်းကောင်း၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးက ဗီဒီယိုပြစက်တစ်လုံးကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက မာလ်တီမီဒီယာစာသင်ခန်းများအတွက် ပထမလှူဒါန်းငွေကျပ်သိန်း ၂၀ နှင့် ထပ်မံလှူဒါန်းငွေ ကျပ်သိန်း ၃၀ တို့ကို လည်းကောင်း ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေ ၆ နာရီခွဲတွင် လှိုင်းဘွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်သန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်တို့က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မာလ်တီမီဒီယာစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးရာ အထောက်အကူပြုပစ္စည်းများဖြင့် လက်တွေ့သင်ယူတတ်မြောက်မှုတို့ကိုလည်းကောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးစီမံချက်ကို အင်္ဂလိပ်ဘာသာစကားဖြင့် သရုပ်ဖော်မှုကိုလည်းကောင်း ကျောင်းသားကျောင်းသူများက အသီးသီး တင်ဆက်ပြသကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျောင်းခန်းမ၌ ကျင်းပရာ အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်သန်းက မာလ်တီမီဒီယာ စာသင်ခန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်က မာလ်တီမီဒီယာစာသင်ခန်းများ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများအတွက် တိပ်ခွေများနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်သည်။

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကွန်ပျူတာငါးလုံးကို လည်းကောင်း၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးက ဗီဒီယိုပြစက်တစ်လုံးကိုလည်းကောင်း၊ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးဝင်းအောင်က ငွေကျပ်၁၀သိန်း၊ဦးသန်းကျွီး-ဒေါ်အေးမိသားစုက ငွေကျပ်ငါးသိန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်ကျောင်းသားမိဘများက ငွေကျပ်၁၅သိန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်နန်းသင်းအုံက ငွေကျပ် နှစ်သိန်းတို့ကို လည်းကောင်း ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသား ခေါင်းဆောင် ဦးစောကြာအင်း မိသားစုက လက်မ ၂၀ တီဗွီတစ်လုံး၊ ဦးစောချစ်သူက ငွေကျပ် ၁၅ သိန်းနှင့် ဦးရန်ရှင်းက ငွေကျပ်၁၄၀၀၀၀ တို့ကို လည်း အသီးသီးပေးအပ် လှူဒါန်းကြသည်။

စီစဉ်ပေးနေ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံကို ကိုယ်ပိုင် အမျိုးသားရေးလက္ခဏာများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့်ကြိုးပမ်း ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအားလုံးတွင် ပညာရေးကဏ္ဍသည် ပင်မမဏ္ဍိုင်ဖြစ်လာပြီဖြစ်ကြောင်း၊ထို့ကြောင့် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီအောင် အခြေခံပညာကျောင်းများမှ စတင်၍ သင်ကြားမှု သင်ယူမှု အထောက်အကူပြု အီလက်ထရွန်နစ်ပစ္စည်းများဖြင့် ခေတ်မီအိုင်တီပညာရပ်များကို အခြေခံမှုစ၍ သင်ကြားနိုင်အောင် စီစဉ်ပေးနေခြင်းပင်ဖြစ်ကြောင်း၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို လှိုင်းဘွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် သင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

အဆိုပါ အိုင်တီနည်းပညာများကို မြို့ကြီးပြကြီးများတွင်သာ မဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး၌ တစ်ပြေးညီ သင်ယူနိုင်အောင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမြော်အမြင်ကြီးမားစွာဖြင့် ချမှတ်စီစဉ်ပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးခိုင်မာတောင့်တင်းရေးအတွက် ပညာရေးကဏ္ဍ အဆင့်မြင့်မားအောင် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ကြိုးစားလေ့ကျင့်

"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဟူသော ပညာရေးဆောင်ပုဒ်နှင့်အညီ ပညာရေးဝန်ထမ်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကြမည့် အနာဂတ် လူ့စွမ်းအားအရင်း အမြစ်ဖြစ်သော ကျောင်းသားကျောင်းသူများအား ပညာရည်မြင့်မား၍ ကိုယ်ကျင့်တရားကောင်းမွန်သော လူရည်ချွန် လူရည်မွန်များဖြစ်အောင် ပြုစုမွေးထုတ်ပေးကြရန်နှင့် ကျောင်းအကျိုးတော်ဆောင်နှင့် မိဘဆရာအသင်းများကလည်း လိုအပ်သော ပံ့ပိုးကူညီမှုများ ဝိုင်းဝန်းဆောင်ရွက်မှုများပြုလုပ်ပေးကြရန် အလေးထား တိုက်တွန်းလိုကြောင်း၊ ကျောင်းသားကျောင်းသူများကလည်း အပတ်တကုတ်သင်ကြားလေ့ကျင့်ကြပြီး နိုင်ငံအတွက်၊ လူမျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားလေ့ကျင့်ကြရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုပြုကြရန် တိုက်တွန်း ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကန့်ဘလူအသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူကြမည်

ရန်ကုန် ဇူလိုင် ၂၆

ကန့်ဘလူအသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ်၇ရက်(စနေနေ့)နံနက် ၉ နာရီတွင် ဗဟန်း ရွှေတိဂုံအရှေ့မုခ် ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ အသင်းမဝင်သေးသော ရန်ကုန်ရောက် ကန့်ဘလူမြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ အသင်းဝင်များ၏ (၇၅)နှစ်နှင့်အထက် မိဘများ၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် ဥက္ကဋ္ဌ ဦးသောင်းစိန် ဖုန်း-၂၂၃၅၈၇၊ ၅၄၂၆၈၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှရွှေ ဖုန်း-၅၆၆၁၀၀နှင့် အတွင်းရေးမှူး ဦးမြင့်တင် ဖုန်း-တစ်ဆင့် ၂၉၀၅၄၂၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြည်မောင်(ငြိမ်း) ဖုန်း-၆၃၅၈၃၂၊ ဘဏ္ဍာရေးမှူး ဦးတင်ထွန်းအောင် ဖုန်း-၆၄၃၅၁၆၊ ၆၄၃၀၃၅ တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျန်းမာရေးစီမံချက်ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၆

အင်းစိန်မြို့နယ် ဦးတည်အုပ်စုများတွင် ကျန်းမာရေးအတွက် စီမံချက် ဆွေးနွေးပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။ ဆွေးနွေးပွဲသို့ မြို့နယ်စီမံချက် ကြီးကြပ်မှုကော်မတီဝင်များ၊ လေ့လာသူ ခရိုင်၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးများ တက်ရောက်ဆွေးနွေးကြရာ မြို့နယ်ပေါင်း ၁၀၁မြို့နယ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ထူး အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်သိန်း၊ မြို့နယ် ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာလှသက်မွန်တို့က စီမံချက်များ ရှင်းလင်းဆွေးနွေးကြသည်။

(က-ပ)

မြန်မာ-တရုတ်နှစ်နိုင်ငံခေါင်းဆောင်များချစ်ကြည်ရေးခရီးအလျဉ်မပြတ်ဖြစ်ထွန်း သဘောတူစာချုပ်များနှင့်နားလည်မှုစာချွန်လွှာအများအပြားလက်မှတ်ရေးထိုးနိုင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့်ဘက်စုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေးညှိနှိုင်းခဲ့ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်မည့်အလားအလာများဖော်ထုတ်နိုင်

■ ရှေ့ဖုံးမှ

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာ၌ ယခု၂၀၀၄ခုနှစ်ဇူလိုင်လအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ကြောင်း၊ ယင်းခရီးစဉ်မှာ ချစ်ကြည်ရေးခရီးစဉ်ဖြစ်သော်လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းသဘော ညှိနှိုင်းဆောင်ရွက်မှုများလည်း တစ်ပါတည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ညီရင်းအစ်ကိုချစ်ကြည်ရေး

မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပြီးဖြစ်ရာ ယခုမိမိ၏ ချစ်ကြည်ရေးခရီးစဉ်တွင် တည်ရှိပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ညီရင်းအစ်ကို ချစ်ကြည်ရေးအဆင့်အထိ တိုးတက်မြင့်မားစေခဲ့ကြောင်း။

မိမိ၏ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာဟူကျင်တောင်၊ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုနှင့် တရုတ်ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအမြဲတန်းအဖွဲ့ဝင် မစ္စတာလော်ဂန်တို့နှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင်နှင့် သီးသန့်တွေ့ဆုံမှုတစ်ကြိမ်နှင့်လုပ်ငန်းသဘော တွေ့ဆုံဆွေးနွေးမှုတစ်ကြိမ်တွေ့ဆုံပြီး နှစ်နိုင်ငံဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

လက်မှတ်ရေးထိုးခဲ့

ယင်းတွေ့ဆုံဆွေးနွေးမှုများအရ နှစ်နိုင်ငံအကြား စွမ်းအင်၊ ရေအားလျှပ်စစ်၊ သတ္တု၊ စက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်လယ်ယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အလားအလာများဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ ရှေ့မှောက်တွင် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ ၁၁ခု၊ ရှင်ကျင့်မြို့တွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်းသည့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာတစ်ခု စုစုပေါင်းနှစ်နိုင်ငံသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၁၂ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

သို့ဖြစ်၍ ယင်းနှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများနှင့်စပ်လျဉ်း၍ အမြန်ဆုံးအကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် စဉ်ဆက်မပြတ်ဆက်သွယ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ အလျဉ်မပြတ်ဖြစ် ထွန်းနေသလို ယင်းချစ်ကြည်ရေးခရီးစဉ်များ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ အများအပြား လက်မှတ်ရေးထိုးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ယင်း သဘောတူစာချုပ်များနှင့်နားလည်မှုစာချွန်လွှာများအပေါ်အကောင်အထည်ဖော်မှုအကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းခဲ့ပြီးဖြစ်သလို အချို့သောသဘောတူညီချက်များမှာ အကောင်အထည်ဖော်ဆဲဖြစ်သည်ကို တွေ့ရကြောင်း။

စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်၍ မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်တွေ့အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင် ဆက်လက်ဆောင်ရွက်ဖွယ်ရာများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ်နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များအတွင်း ချုပ်ဆိုခဲ့သော မြန်မာ-တရုတ် သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ အကောင်အထည်ဖော်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့်ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကိုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များကို ပြန်လည်ဆွေးနွေးမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စိန်စည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ အထူးတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၆

အောင်လံမြို့ မန်ကျည်းကုန်းရပ် မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ အထူးတရားစခန်းပွဲကို ဇူလိုင်၃၁ရက်မှအောက်တိုဘာ၂၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဥပုသ်နေ့တိုင်း မဟာစည်နယ်လှည့် ဓမ္မကထိက ဆရာတော်များက တရားချီးမြှင့်မည်ဖြစ်ရာ အရဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းလိုပါက ဖုန်း-၀၆၉-၂၁၂၃၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့အားအမှူးထား၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိစာသင်တိုက်၌ကျင်းပရာ တောင်ကြီးပရိယတ္တိစာသင်တိုက် နာယကဆရာတော် အမှူးပြု၍ သံဃာတော် ၁၀၈ပါး ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ တောင်ကြီး ပရိယတ္တိစာသင်တိုက်မှ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဦးကလျာဏဓမ္မထံမှ သီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များအား ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာ**(အပေါ်ပုံ)**၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်ဇနီး၊ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တောင်ကြီးပရိယတ္တိစာသင်တိုက်တိုက်အုပ်ဆရာတော်က အနုမောဒနာတရားချီးမြှင့်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ ပထမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၆

ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ၏ ပထမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့နံနက် ၁၀နာရီတွင် စက်ရုံအဆောက်အအုံ အပေါ်ထပ်တွင် ကျင်းပသည်။ ကြွရောက်လာသော သံဃာတော်များကို စက်ရုံမှူး ဦးတိုးကျော်နှင့် ဝန်ထမ်းများက နေ့ဆွမ်းဆက်ကပ်ကြပြီး လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့်လှူဒါန်းကာ တရားတော်နာယူကြသည်။

(က-ပ)

တုံတာကုမ္ပဏီ ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၆

တုံတာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးခင်မောင်လတ်နှင့်ဝန်ထမ်းများ၏ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက်က တုံတာကုမ္ပဏီ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်မြသိန်းတန်ပရိယတ္တိစာသင်တိုက်ကြီးမှ စာချစာသင်သံဃာတော်အရှင်သူမြတ်များကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ပုဇွန်တောင်မြို့နယ်မြသိန်းတန်ကျောင်းတိုက်ကြီး၏ပဓာနနာယက မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တကေသရ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံမှကုမ္ပဏီဝန်ထမ်းများကငါးပါးသီလခံယူ ဆောက်တည်ပြီး မန်နေဂျင်းဒါရိုက်တာဦးခင်မောင်လတ်နှင့်ဝန်ထမ်းများက စာချစာသင်သံဃာတော်အပါး ၇၀တို့အား သင်္ကန်းအစုံ ၇၀တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှူဒါန်းမှု အစုစုအတွက် အနုမောဒနာတရား နာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

ခတ်သတ္တုရှာဖွေစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးသဘောတူစာချုပ်ချုပ်ဆို

ရန်ကုန် ဇူလိုင် ၂၆

သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဘူမိဗေဒလေ့လာရေးနှင့်ခတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Hainan Jiayi Machine Import & Export Co., Ltd. တို့သည် ကြေးနီနှင့်အခြားသတ္တုများ ရှာဖွေစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းများကို ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဆင်ဘို-နမ့်လီဆန်လုပ်ကွက်၊ စစ်ကိုင်းတိုင်း ကနီမြို့နယ် မုံရွာလုပ်ကွက်(၁)၊ ဆားလင်းကြီးမြို့နယ် မုံရွာလုပ်ကွက်(၂)တို့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ယနေ့နံနက်၁၀နာရီခွဲတွင် ကုန်သည်ကြီးများဟိုတယ်၌သဘောတူစာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးကြသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ်ဦးအေးမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jeinjuns နှင့် သံရုံးမှတာဝန်ရှိသူများ၊ ကုမ္ပဏီဥက္ကဋ္ဌ Mr. Zhang Sheng Can နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် သဘောတူစာချုပ်ကို ဘူမိဗေဒလေ့လာရေးနှင့်ခတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းတည်နှင့် ကုမ္ပဏီဥက္ကဋ္ဌ Mr. Zhang Sheng Canတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန်လဲလှယ်ကြသည်။ ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံ ခွင့်လက်မှတ်ကို ကော်မရှင်အဖွဲ့ဝင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ ခတ်သတ္တုရှာဖွေစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုလက်မှတ်ကို ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က လည်းကောင်း ကုမ္ပဏီဥက္ကဋ္ဌထံသို့ ပေးအပ်ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့အား အမှူးထား၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းတိပိဋက ကျောင်းတော်၌ကျင်းပရာ တိ=နိ စီမံအုပ်ချုပ်မှု နာယက ဆရာတော်များအဖွဲ့နာယက ဆရာတော် ရွှေရတု တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၏ဇနီး ဒေါ်စံယုံ၊ ဒုတိယဝန်ကြီးဦးကျော်သူနှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးဦးဝင်းအောင်၏ဇနီးဒေါ်စံယုံ၊ဒုတိယဝန်ကြီးဦးကျော်သူနှင့်ဇနီး၊ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိ=နိ စီမံအုပ်ချုပ်မှု နာယက ဆရာတော်များအဖွဲ့နာယက ဆရာတော် ရွှေရတု တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရားများကို ချီးမြှင့်တော်မူပြီး ပရိသတ်များက ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖရစ်ဇ်ဝါနာစက်မှုလုပ်ငန်း(ဂျာမနီ)နှင့်ရန်ကုန်ရုံးခွဲမှပုဂ္ဂိုလ်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Mr. P.D.Christ, Sale Director, Fritz Werner Industries (Germany) နှင့် Mr. B.Bieger, Representative, Fritz Werner Industries (Yangon Branch) တို့အား ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌လက်ခံတွေ့ဆုံသည်။(အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှတ်သားဖွယ်မိုးရေချိန်

၂၆-၇-၂၀၀၆

ရန်ကုန်မြို့လယ်	**၁ ဒသမ ၁၈လက်မ**	
ကမ္ဘာအေး	**၀ ဒသမ ၇၅လက်မ**	
မင်္ဂလာဒုံ	**၀ ဒသမ ၅၅လက်မ**	

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက်နေ ဦးဝင်းကြူ-ဒေါ်ခင်ကြည် မိသားစု(ရွှေဝါခေါက်ဆွဲစက်)တို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၆

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု(၁၁၆)ကြိမ်မြောက် စခန်းပွဲတွင်လည်း ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ LL.B)၊ ပန်းကြီးဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက် (ဩဂုတ် ၃ ရက်)အင်္ဂါနေ့ ညနေအရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၆၈၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ယဉ်ကျေးမှုဒုတိယဝန်ကြီး ဌာနဆိုင်ရာလုပ်ငန်းများစစ်ဆေး ရှေးဟောင်းပစ္စည်းများထိန်းသိမ်းမှုနှင့်လုံခြုံမှုရှိရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၆

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ ရက်တွင် ရွှေဘိုမြို့၌ ပြန်လည်တည်ဆောက်နေသော အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာနန်းတော်သို့ရောက်ရှိရာ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ ပြတိုက်တာဝန်ခံ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက နန်းတော်တည်ဆောက်နေမှုနှင့်ထိန်းသိမ်းထားရှိမှုတို့ကို ရှင်းလင်းပြသကြသည်။ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဖြည့်ဆည်းပေး၍ တည်ဆောက်ပြီးစီးသော မြေနန်းတော်၊ နန်းမပြာသာဒ်၊စာရင်းတိုက်နှင့်ရွှေတိုက်တော်တို့ကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရပ်များကို မှာကြားသည်။ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နန်းတော်ဝင်းအတွင်းရှိ ကုန်းဘောင်ဆက်ပြတိုက် ပြတိုက်မွမ်းမံပြင်ဆင်မှု ခင်းကျင်းပြသထားရှိမှုများကိုကြည့်ရှုပြီး ခင်းကျင်းပြသရမည့်အစီအစဉ် စနစ်များကို မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ပြန်လည်တည်ဆောက်နေသော ဘိုးတော်မင်းတရားကြီး၏ ပိဋကတ်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရွှေဘို-ကျောက်မြောင်းကားလမ်းရှိ အုန်းပေါက်ရွာအနီးမှ ဟံလင်း ရှေးဟောင်းမြို့သို့သွားရာလမ်းဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုးပေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၃ ရက်တွင် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)သို့သွားရောက်၍ပါမောက္ခချုပ် ဦးစန်းဝင်းနှင့် တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တင်ပြချက်များကို ပြန်လည်ရှင်းလင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပန်းပုသင်ကြားရေးဆောင်နှင့် ဆောက်လုပ်လျက်ရှိသော အဆောက်အအုံများကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသန (အထက်မြန်မာပြည်ဌာနခွဲ)မှ တာဝန်ရှိသူများလိုက်ပါလျက် တံတားဦးမြို့နယ်ရှိ အင်းဝပြတိုက်သို့သွားရောက်၍ ခင်းကျင်းပြသထားမှုများကိုကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းပစ္စည်းများ၏ ခင်းကျင်းပြသမှု၊ ထိန်းသိမ်းမှု၊လုံခြုံမှုကိစ္စရပ်များကို မှာကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးသည် မန္တလေးမြို့တွင် ပြန်လည်ပြုပြင် ထိန်းသိမ်းထားသော ရှေးဟောင်း မဟာမင်းထင်သစ်သားကျောင်းကြီးကိုကြည့်ရှုစစ်ဆေးပြီး မန္တလေးမြောက်ဘက်မြို့ရိုးမှ ယိုယွင်းမှုကိုပြန်လည်ပြုပြင်နေမှုများနှင့် မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့် ပြတိုက်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အင်အားပြင်းငလျင်လှုပ်

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၄ခုနှစ် ဇူလိုင် ၂၅ရက် မြန်မာစံတော်ချိန် ၂၁နာရီ ၀၉ မိနစ် ၁၆စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် ၁၀၃၄မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သောမြေငလျင် တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ကြေညာသည်။

ဧရာနှင့်ဒုဋ္ဌဝတီမြစ်ရေစိုးရိမ်ရေမှတ်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ၂၅၃၃စင်တီမီတာနှင့် ပြည်မြို့တွင် ၂၈၇၆စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် ၂၅၅၀စင်တီမီတာနှင့် ၂၉၀၀စင်တီမီတာအသီးသီးသို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇန်းမော်မြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် သုံးပေခန့်၊ မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့တွင် သုံးပေခွဲခန့်စီ၊ မင်းဘူးမြို့တွင် သုံးပေခန့်နှင့် မကွေးမြို့တွင် နှစ်ပေခန့် စိုးရိမ်ရေမှတ်များအထက်တွင် တည်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် လေးပေခွဲခန့်စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

အရည်အသွေးကောင်း ဂုန်လျှော်/ချဉ်ပေါင်လျှော် ထွက်ရှိရေးနှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြို ဂုန်လျှော်/ချဉ်ပေါင်လျှော်များ စတင်ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းလျှော်များရရှိစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စအချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ (၃-၄)ရက်အုပ်ထားပါ။
၂။ လျှော်စိမ်ရာတွင် ရေအနက်အနည်းဆုံး လေးပေရှိပြီး ဖြည်းညင်းစွာ စီးဆင်းနေသော ရေတွင်တစ်လွှာချင်းဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင်ပေါ်မနေစေရန် ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။
၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သောတုံးများမသုံးစွဲဘဲ သစ်သားတုံး၊ ဝါးစသည်တို့ဖြင့် ဖိထားပါ။
၄။ ရေစိမ်ရက် မလိုစေရန်နှင့်မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တပတ် တစ်ပတ်အကြာမှစ၍ နေ့စဉ်လျှော်ဖောင်အား နူး/မနူး စမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။
၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များ ကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင်အခြောက်လှန်းပါ။
၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကိုအတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာအဝယ်စခန်းများတွင် ရောင်းချပါ။
၇။ နည်းပညာနှင့်အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ရွှေဘဝင်အေးသွားမယ့် ရွှေရင်အေးစပါး(၁)

ရတနာစည်ဆရာတော်
(လွိုင်လင်)

(က)

"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ" ဟူသော ပါဠိသည် ပိဋကတ်တော်လာ အဆိုအမိန့်ဖြစ်၏။ **"သဗ္ဗေသတ္တာ၊** သတ္တဝါအားလုံးတို့သည်။ **အာဟာရဋ္ဌိတိကာ၊** အစာအာဟာရလျှင် တည်ရာရှိ၏"ဟု သဒ္ဒါအနက်ပြန်ဆိုကြ၏။ အဓိပ္ပာယ်မှာ အစာအာဟာရ၌ သတ္တဝါတို့တည်မှီနေကြရကား အစာအာဟာရသည် သတ္တဝါတို့အတွက် မရှိမဖြစ် အရေးကြီးဆုံးဟူ၏။

မှန်ပါသည်၊ ဤသတ္တလောက၌ အစာအာဟာရများ ကွယ်ပျောက်သွားလျှင် သတ္တဝါဟူသော သက်ရှိတို့သည်လည်း အသက်ရှင်ခြင်းဟု မတတ်သာတော့ဘဲ ဥသုံကွယ်ပျောက်သွားတော့မည်သာဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓကိုယ်တော်တိုင်က ထိုပါဠိအဆိုအမိန့်ကို အကြိမ်ကြိမ်အကျော့ကျော့ မိန့်ကြားတော်မူထားခြင်း ဖြစ်၏။ ဤအရှင်တို့ လေ့လာမှတ်သားမိသမျှ အင်္ဂုတ္တရပါဠိတော် ဒသကနိပါတ် ပထမ မဟာပဥှာသုတ်၌လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် ဉာဏကထာ၌လည်းကောင်း၊ ခုဒ္ဒက ပါဌ ပါဠိတော် ကုမာရပဥှာ၌လည်းကောင်း၊ ပါထိကဝဂ္ဂ ပါဠိတော် သံဂီတိသုတ်၌လည်းကောင်း ထိုအဆိုအမိန့်ကို တွေ့ရှိကြရပါကုန်၏။

ထိုအဆိုအမိန့်ကို လောကီကုသိုလ်အမြင်ဖြင့် ရှုမြင်ကြည့်သောအခါ သက်ရှိသတ္တဝါတို့ အစာအာဟာရ ပေါကြွယ်ဖို့အတွက် အပြစ်ကင်းစွာ စိုက်ပျိုးခြင်း၊ တိုးတက်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့သည့် သတ္တလောကကြီးအား ကောင်းကျိုးပြုသော အနဝဇ္ဇကမ္မမင်္ဂလာ မြတ်စွာဗုဒ္ဓအလိုတော်ကျသည့် ကိစ္စအမွန်အမြတ်များဖြစ်ကြောင်း ထင်းထင်းထင် သုံးသပ်နိုင်ပါကုန်၏။

(ခ)

ဤအရှင်တို့ ပဝတ္တိသိတင်းသုံးရာ ရှမ်းပြည်နယ်သည် လွတ်လပ်ရေး ရပြီးချိန်မှစ၍ ဆန်စပါးမဖူလုံခဲ့သဖြင့် ညီနောင်တိုင်းဒေသကြီးများကို အားကိုးခဲ့ရသည်မှာ အမှန်ဖြစ်ပါ၏။ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ညောင်ရွှေမြို့နယ်၊ လဲချားမြို့နယ်၊ မိုင်းကိုင်မြို့နယ်တို့ကဲ့သို့ ရေမြေကောင်းသော ဒေသများဝယ် ဆန်စပါးများ ဖြစ်ထွန်းခဲ့သော်လည်း တောင်ပိုင်းတစ်ပိုင်းလုံးအတွက်မူ မဖူလုံခဲ့ပါ။ ထို့အတူ(မြောက်ပိုင်း)၌လည်း သီပေါမြို့နယ်၊သိန္နီမြို့နယ်၊နမ့်ခမ်းမြို့နယ်တို့ကဲ့သို့ ရေမြေပေးသောဒေသများဝယ် ဆန်စပါးများ ဖြစ်ထွန်းခဲ့သော်လည်း မြောက်ပိုင်းတစ်ပိုင်းလုံးအတွက်မူ မဖူလုံခဲ့ပါ။ အရှေ့ပိုင်း၌လည်း ထိုနည်းလည်းကောင်းသာ ဖြစ်ခဲ့၏။

လူဦးရေက တိုးတက်လာခြင်း၊ စိုက်ဧကက မတိုးတက်ဘဲ တန့်နေခြင်း၊ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို စူးစမ်းလေ့လာတီထွင်ထုတ်လုပ်နိုင်မှုမရှိခြင်း၊ စိုက်ဧကသစ်များ မထုတ်ဖော်နိုင်ခြင်းစသော အကြောင်းများအပြင် အဓိကအကြောင်းရင်းကြီးတစ်ရပ်အဖြစ် ဒေသအတွင်း မတည်ငြိမ်မှုများ ရှိနေခဲ့ခြင်းတို့ကြောင့် ရှမ်းပြည်နယ်သည် ဝမ်းစာဖူလုံရေးအတွက် ညီနောင်တိုင်းဒေသကြီးများကို အားကိုးခဲ့ရပါသည်။

သို့ဖြင့် ၁၉၈၈ခုနှစ် တပ်မတော်အစိုးရ ပေါ်ထွန်းလာပြီး သည်မှာဘက် ကာလများတွင်သော် နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် စွမ်းစွမ်းတမံ ကြိုးပမ်းလာနိုင်ခြင်း၊ ပြည်သူများ စားဝတ်နေရေးချောင်လည်စေရန် အစွမ်းကုန်ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် ၁၉၉၀–၁၉၉၁ ခုနှစ်တွင်မူ ယခင်စိုက်ဧက ၂၃ ဒသမ ၈၇ သန်းမှ စိုက်ဧက ၂၅ ဒသမ ၀၂ သန်းအထိ တိုးတက်စိုက်ပျိုးလာနိုင်သလို ဆက်၍ဆက်၍ တိုး၍တိုး၍ စိုက်ပျိုးလာနိုင်ကြပါ ကုန်တော့၏။

(ဂ)

"စပါးစိုက်ပျိုးထုတ်လုပ်ရာ၌ တစ်ဧကတင်းတစ်ရာထွက်ရှိရေး ရည်မှန်းချက်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့် အထွက်တိုးလာအောင် စီမံဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပုဂံဒေသခရီးစဉ်လမ်းညွှန်ချက်
၂၈–၁၀–၁၉၉၅။

(ဃ)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူကာ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသခံတိုင်းရင်းသားများအားလုံး ဆန်ရေစပါးပေါ်များလျှံပယ် ကြွယ်ကြွယ်ဝဝ စားသုံးနိုင်ကြစေရန်အတွက် လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်များပီပီ စားဦးစားဖျား ဘုရားလှူ၊ သံဃာလှူ ကြည်ဖြူသဒ္ဓါ ထက်သန်စွာဖြင့် အာဟာရအလှူနေ့စဉ် လှူရင်း ကုသိုလ်ယူနိုင်ကြစေရန်အတွက်လည်းကောင်း စိတ်စိုက်စူးနစ် မဖြစ်မနေ ရှာဖွေစူးစမ်း ကြိုးပမ်းအားထည့်လျက် ရှိသည်နှင့်အညီ ဗီဇကောင်း၊ အထွက်ကောင်း၊ အရည်အသွေးကောင်း မျိုးစပါးသစ်တစ်မျိုးကို လက်ဝယ်ရရှိလာခဲ့၏။ ဆောင်ကြဉ်းလာသူမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်ဖြစ်၏။ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်–နမ့်ခမ်းဒေသ၌ တွေ့ရှိရသော အထွက်ကောင်းမျိုးဖြစ်ပေရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရာသီဥတုနှင့် လိုက်လျောညီထွေရှိနိုင်သောကြောင့် စမ်းသပ်စိုက်ပျိုးကာ ဆက်လက် မျိုးပွားစိုက်နိုင်ရန် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ တင်ပြပေးအပ်သော SR ၄၅၆ သက်လတ်မျိုးစပါးဖြစ်ပါသည်။

ယင်း SR၄၅၆ အထွက်ကောင်း သက်လတ်စပါးမျိုးသစ်ကို ၂၀၀၃ ခုနှစ် မိုးရာသီတွင် တောင်ကြီးမြို့နယ် ဟဲဟိုးမျိုးပွားခြံနှင့် တာယောသုတေသနခြံတို့၌ စမ်းသပ်စိုက်ပျိုးပြီး ၁၃–၁၁–၂၀၀၃ ရက်နေ့မှာ ရိတ်သိမ်းခြွေလှေ့ခြင်းတွယ်ပွဲပြုလုပ်ခဲ့ရာ ဟဲဟိုးမျိုးပွားခြံ၌ တစ်ဧကတင်း ၁၄၀ နှင့် တာယောသုတေသနခြံ၌ တစ်ဧက တင်း ၁၅၆ တင်းထွက်ရှိကြောင်း တွေ့ရှိရ၏။ ဤသည် စမ်းသပ်စိုက်ပျိုးမှုအဆင့်မျှသာ ရှိသေးရာ ပိုမိုတိုးတက်နိုင်သော အခြေအနေရှိသောကြောင့် ယင်းမျိုးစပါးသစ်ကို ရှမ်းပြည်နယ်(တောင်ပိုင်း)တစ်ခွင်လုံး စိုက်ပျိုးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန် ဆုံးဖြတ်ပြီးနောက် ယင်းမျိုးစပါးသစ်၏ အမည်ကို ရပ်ဓာတ်နှင့် ဗျူပွတ်ကိုက်ညီအောင် **"ရွှေရင်အေးစပါး"** ဟု နာမကရဏ ပြုပေးလေ၏။

ထို့နောက် တိုင်းမှူးနှင့် လယ်ယာ/ဆည်မြောင်းဒုတိယဝန်ကြီးတို့၏ စီစဉ်မှုဖြင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းကိုယ်တိုင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်–နမ့်ခမ်းဒေသသို့ သွားရောက်၍မျိုးစပါးအဖြစ် ခေါင်ညွှန့် အသီးမျိုး တစ်ကီလိုငွေကျပ်၄၀၀ နှုန်းဖြင့် ကီလို၆၄၂၀ ကိုဝယ်ယူခဲ့ပြီးဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စုသို့ နွေစပါးဧက ၅၀ စိုက်ပျိုးနိုင်ရန် တစ်ဧကလျှင် မျိုးတစ်တင်းခွဲနှုန်း ဖြန့်ဖြူးပေးခဲ့သလို ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာ အုပ်စုသို့ ဧက ၅၀၊ ပတ္တမြားနဂါး စိုက်ပျိုးရေးစခန်းသို့ ၁၄ ဧက၊ သာစည်မြို့နယ်သို့ ဧက ၁၀၀ အသီးသီးစိုက်ပျိုးနိုင်ဖို့ မျိုးစေ့များဖြန့်ဝေခဲ့ပါသည်။ ထို့ပြင် တောင်သူများ အလွယ်တကူစိုက်ပျိုးနိုင်ရန် တစ်ဧကလျှင် ဓာတ်မြေဩဇာတန်ဖိုး ငွေကျပ် ၃၁၈၀၀ နှုန်းထောက်ပံ့ကာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၏ အကူအညီဖြင့် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလလယ်တွင် စတင်စိုက်ပျိုးခဲ့ရာ ဖွန်လဆန်းပိုင်းမှာ ရှုလိုက်တိုင်းမှည့်ဝင်းနေသော စပါးခင်းကြီးများအဖြစ် ထင်းထင်းထင်ထင် တွေ့မြင်လာရပါတော့၏။ ယင်းစပါးခင်းကြီးများက ရိတ်သိမ်းခြွေလှေ့ လက်တွေ့ခြင်တွယ် ဘယ်မျှထွက်ရှိ မျက်စိသက်သေ တင်ကြရန် ဖိတ်ခေါ်ဘိသို့ ရှိတော့၏။

ထို့ကြောင့် ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု ဧက ၅၀ စိုက်ကွင်း၌ ရိတ်သိမ်းပွဲကျင်းပရန် တိုင်းမှူးက ၂၀၀၄ ခုနှစ် ဇွန် ၂၅ ရက်ကို သတ်မှတ်ပေးလေ၏။

(င)

ဤရက်ပိုင်းများ၌ ဤအရှင်တို့သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ပင့်ဆောင်မှုဖြင့် ဖယ်ခုံမြို့နယ်၌ ထွန်းကားပြန့်ပွားလျက်ရှိသော သာသနာရေးရာများ လေ့လာသိရှိနိုင်ရန်နှင့် ဒေသ၏တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မုဒိတာပွားရန်အတွက် လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ ရှမ်းပြည်နယ် သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကြည်တို့ လိုက်ပါကာ ဖယ်ခုံမြို့ သဒ္ဓမ္မသိဒ္ဓိစာသင်တိုက်သို့ ရောက်ရှိနေပါကုန်၏။ ထိုစာသင်တိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ လက္ခဏတို့နှင့်အတူ ဖယ်ခုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ငွေ၊ ဖယ်ခုံမြို့နယ် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလင်းတို့၏ အကူအညီဖြင့် သာသနာတော် ထွန်းကားပြန့်ပွားလျက်ရှိပုံတို့ကို လေ့လာသိရှိနေရပါသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်–နမ့်ခမ်းဒေသသို့ သွားရောက်၍မျိုးစပါးအဖြစ် ခေါင်ညွှန့် အသီးမျိုး တစ်ကီလို ငွေကျပ် ၄၀၀ နှုန်းဖြင့် ကီလို ၆၄၂၀ ကိုဝယ်ယူခဲ့ပြီး ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စုသို့ နွေစပါးဧက ၅၀ စိုက်ပျိုးနိုင်ရန် တစ်ဧကလျှင် မျိုးတစ်တင်းခွဲနှုန်း ဖြန့်ဖြူးပေးခဲ့သလို ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာ အုပ်စုသို့ ဧက ၅၀၊ ပတ္တမြားနဂါး စိုက်ပျိုးရေးစခန်းသို့ ၁၄ ဧက၊ သာစည်မြို့နယ်သို့ ဧက ၁၀၀ အသီးသီးစိုက်ပျိုးနိုင်ဖို့ မျိုးစေ့များဖြန့်ဝေခဲ့ပါသည်။ ထို့ပြင် တောင်သူများ အလွယ်တကူစိုက်ပျိုးနိုင်ရန် တစ်ဧကလျှင် ဓာတ်မြေဩဇာတန်ဖိုး ငွေကျပ် ၃၁၈၀၀ နှုန်းထောက်ပံ့ကာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၏ အကူအညီဖြင့် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလလယ်တွင် စတင် စိုက်ပျိုးခဲ့ရာ ဖွန်လဆန်းပိုင်းမှာ ရှုလိုက်တိုင်း မှည့်ဝင်းနေသော စပါးခင်းကြီးများအဖြစ် ထင်းထင်းထင်ထင် တွေ့မြင်လာရပါတော့၏။

အမှန်တော့ ဤဒေသသည်လည်း အခြားဒေသများနည်းတူ တိုင်းရင်းသားလူမျိုးစုံတို့ မိမိတို့ယုံကြည်ရာ ဘာသာမျိုးစုံကို ကိုးကွယ်ဆည်းကပ်ခွင့် အပြည့်အဝရရှိနေကြောင်း တွေ့ရှိရ၏။ နတ်ယုံကြည်ကိုးကွယ်သူ၊ ရိုးရာယုံကြည်ကိုးကွယ်သူ၊ ဗုဒ္ဓယုံကြည်ကိုးကွယ်သူနှင့် အခြားယုံကြည်ကိုးကွယ်သူဟူ၍ ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်ခွင့် အပြည့်အဝရရှိနေကြောင်း လေ့လာသိရှိရ၏။ ဗုဒ္ဓဘာသာဝင်အရေအတွက်မှု ပိုမိုများပြားလျက်ရှိ၏။ သာထွန်းပြန့် သာသနာပြုရဟန်းတော် နှစ်ကျိပ်ကျော်တို့နှင့် သာသနာပြုလူပုဂ္ဂိုလ်သုံးကျိပ်တို့၏ ကြိုးပမ်းမှုကြောင့် သာသနာတော် ထွန်းလင်းလာလျက်ရှိ၏။

မြို့နယ်အတွင်း ကယန်းတိုင်းရင်းသား ၆၈ရာခိုင်နှုန်း၊ ကယားတိုင်းရင်းသား ၃ဒသမ၅၆ ရာခိုင်နှုန်း၊ ရှမ်းတိုင်းရင်းသား ၁၁ ဒသမ ၃၄ရာခိုင်နှုန်း၊ ဗမာတိုင်းရင်းသား ၁၀ဒသမ ၃၈ ရာခိုင်နှုန်း၊ ပအိုဝ်းတိုင်းရင်းသား ၃ဒသမ ၀၉ ရာခိုင်နှုန်း၊ လီဆူးတိုင်းရင်းသား ၀ဒသမ ၈၀ ရာခိုင်နှုန်း၊ အင်းသားတိုင်းရင်းသား ၂ဒသမ ၇၈ ရာခိုင်နှုန်းတို့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြပြီး ဘာသာတရားအားဖြင့် ဗုဒ္ဓဘာသာဝင် များပြားလေ၏။

ဤအရှင်တို့ တည်းခိုလျက်ရှိသည့် ဤသဒ္ဓမ္မသိဒ္ဓိစာသင်တိုက်သည်ပင် ၁၉၈၈ခုနှစ်မတိုင်မီက အိမ်တစ်လုံးနှင့် ခြံကျယ်ကြီးတစ်ခုသာဖြစ်ခဲ့ပြီး အိမ်ရှင်ကိုယ်တိုင် ဗုဒ္ဓသာသနာတော်ကို စူးစူးနစ်နစ် သက်ဝင်ယုံကြည်လာသည့် ၁၉၈၉ခုနှစ်သည်ဘက်ပိုင်းရောက်လာမှသာ အိမ်ရှင် ကယန်းတိုင်းရင်းသား ဦးမောင်ကြီး ကိုယ်တိုင် ရဟန်းဘဝတက်လှမ်းလာခြင်း၊ မိမိနှင့်အတူ ရဟန်းဘဝတက်လှမ်းလာသူ ကယန်းတိုင်းရင်းသား ဦးလုစိန်နှင့် စိတ်တူကိုယ်တူ သာသနာ့အကျိုးရွက်ဆောင်ကြရန်တိုင်ပင်ပြီး ဤနေရာကိုသာသနာ့မြေအဖြစ်လှူဒါန်းခဲ့ခြင်း၊ တောင်ကြီးမြို့ အေးစေတီစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော် ဝိနည်းဓိုရ် ဘဒ္ဒန္တ လက္ခဏသာမိဘိဝံသနှင့် ဖယ်ခုံမြို့နယ် သံဃနာယကအဖွဲ့ထံမှ ဩဝါဒ ခံယူကာ စာသင်တိုက်တစ်တိုက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းခြင်း၊ မိမိတို့က အသက်ကြီးမှ သင်္ကန်းဆည်းခဲ့ကြသောကြောင့် ပရိယတ္တိ၌ မကျွမ်းကျင်သဖြင့် ပရိယတ္တိတတ်ကျွမ်းကာ သာသနာပြုနိုင်မည့် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စကို ပင့်ဆောင်ကာ စာသင်တိုက်ဖွင့်လှစ်ခြင်း၊ ညောင်ရွှေမြို့ သာသနာ့ဝိပုလရွှေဂူ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသာဘိဝံသ ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ သာသနာသုံးရပ် အောင်မြင်ပြီးမြောက်ခြင်းအဓိပ္ပာယ်ဖြင့် ကျောင်းတိုက်၏ အမည်နာမကို သဒ္ဓမ္မသိဒ္ဓိ စာသင်တိုက်ဟု ကမ္ပည်းတင်ခြင်း၊ ထိုအမည်နှင့်လျော်ညီစွာ ပညတ်သွားရာ ဓာတ်သက်ပါပြီး သာသနာရေးရာများ အောင်မြင်ကာ ပရိယတ္တိ စာမေးပွဲများ၌ အောင်ပန်းဆင်နိုင်လျက် ရဟန်းသာမဏေ ၈၆ ပါးအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ကြခြင်းတို့ကြောင့် သာသနာအလင်းသည် ဖယ်ခုံမြို့နယ်အတွင်း ဝင်းဝင်းဝင့် တောက်ပလျက်ရှိလေ၏။

ယင်းသို့သော သာသနာရေးရာ မုဒိတာနှင့်အတူ ၂၄–၆–၂၀၀၄ ရက်စွဲ ညနေပိုင်း၌ ဖယ်ခုံမြို့ မြို့နယ်ခန်းမဝယ် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လယ်ယာ/ဆည်မြောင်း ဒုတိယဝန်ကြီးတို့က ဘိန်းမစိုက်တောင်သူများအား ထောက်ပံ့ငွေကြေးများနှင့် ဆန်၊ ဆား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြကြောင်း မုဒိတာသတင်းရနံ့ကိုလည်း သင်းပျံ့ပျံ့ ရှိုက်ရှူကြရပါသည်။

ယင်းဘိန်းကိစ္စသည် ဘုရားမကြိုက်၊ အများမကြိုက်၊ သူတော်ကောင်းများ လားလားမျှ မနှစ်ခြိုက်သည့် ဒုစရိုက် ဒုရာဇီဝဖြစ်ခြင်းကြောင့် ဤအရှင်တို့ကလည်း **"မဇ္ဇမူးယစ် နှိမ်နင်းပစ် လူသစ်စိတ်သစ် မြေယာသစ်"** ဆောင်းပါးဖြင့် ၂၂–၇–၂၀၀၂နှင့် ၂၃–၇–၂၀၀၂ထုတ် မြန်မာသတင်းစာများ၌ ဘိန်းပပျောက်ရေး အားပေးရေးသားခဲ့သည်ကို သတင်းစာချစ်သူတို့ မှတ်မိနိုင်ကြပါဦးမည်။

ယခုလည်း ဤဒေသတစ်ခွင်၌ ဘိန်းပပျောက်စေရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်တို့က ကျားကုတ်ကျားခဲ ထန်သည်းစွာကြိုးပမ်းနေကြပုံ၊ ဘိန်းစိုက်ပျိုးခဲ့သော တောင်သူများကို ဘိန်းမစိုက်စေတော့ဘဲ အစားထိုးသီးနှံများဖြစ်သည့် စပါး၊ ဂျုံ၊ ပန်းနှမ်း၊ အစေ့ထုတ်ပြောင်းနှင့်နေကြာတို့ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ အခမဲ့ ဖြန့်ဝေပေးလျက်ရှိပုံ၊ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ်ငွေ ၁၉၆၀၀၀၀ ဖြစ်သည့်အပြင် ဆန်အိတ် ၁၅၇၀ နှင့် ဆားအိတ် ၇၇ အိတ်တို့ကိုပါ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် လယ်ယာ/ဆည်မြောင်းဒုတိယဝန်ကြီးတို့က စေတနာအပြည့်အဝဖြင့် ပေးအပ်ခဲ့ပုံတို့ကို ကြားသိရသောအခါ ဝမ်းသာလှိုက်လှဲထန်သည်းမုဒိတာ ပီတိဖြာနေရပါတော့၏။

(စ)

၂၅–၆–၂၀၀၄ ရက်နေ့က ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု ရွှေရင်အေး နွေစပါးစံပြဧက ၅၀စိုက်ကွင်း၌ အထူးအထွက်ကောင်း ရွှေရင်အေးစပါးမျိုး နွေစပါးရိတ်သိမ်းပွဲနှင့် မိုးစပါးမျိုးပေးအပ်ပွဲနေ့ဖြစ်၏။ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့ ဦးဆောင်တက်ရောက်ချီးမြှင့်ကြ၏။ ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးလွင်၊ လွိုင်ကော်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဦး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တောင်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

အစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်ခင်သန်းနွယ်က ရွှေရင်အေးစပါး စံပြကွက်ရိတ်သိမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြ၏။ ဒုတိယဝန်ကြီးက ရွှေရင်အေးစပါးပင်၏ အားသာချက်များ၊ စပါးလုံး၏ အားသာချက်များ၊ ဆန်လုံး၏ အားသာချက်များနှင့် ချက်ပြီး ထမင်းလုံး၏ အားသာချက်များဟူ၍ အားသာချက်အဖုံဖုံ အစုံစုံပြောကြားသွားလေ၏။ ရွှေရင်အေးစပါးသည် ထမင်းအဖြစ် ချက်စားလျှင် ဒေသအကြိုက် ခပ်စေးစေးဖြစ်ကြောင်း၊ ဖွယ်တယ်တယ်မရှိကြောင်း၊ ချက်ပြီးနောက် နာရီများစွာ ကြာသွားသည့်တိုင် ထမင်းခဲ၊ ထမင်းကြမ်းခဲ ဖြစ်မသွားကြောင်း၊ စေးစေးထွေးထွေး အနေအထား၌သာ ရှိကြောင်းတို့ကို အထူးပြု ပြောကြားသွား၏။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပြဋ္ဌာန်းသည့်ဥပဒေများ ကျွမ်းကျင်နှံ့စပ်အောင် ကြိုတင်လေ့လာ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ရေးအရေးကြီး

ရန်ကုန် ဇူလိုင် ၂၆

ရှေ့နေချုပ်နှင့် ပြည်နယ်၊တိုင်း ဥပဒေအရာရှိများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(ပထမနေ့)ကို ယနေ့နံနက် ၉ နာရီတွင် ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ယင်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်နှင့် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်းဥပဒေအရာရှိများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ရှေ့နေချုပ်ရုံး ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ကြိုတင်လေ့လာ

ရှေးဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများထဲတွင် ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေတို့လည်း ပါရှိကြောင်း၊ ယင်းဥပဒေနှစ်ခုတွင် ဥပဒေနည်းပညာအသစ်များ ပါရှိကြောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ပြည်တွင်းဌာနဆိုင်ရာ အဖွဲ့အစည်းအချင်းချင်းသာမက နိုင်ငံအသီးသီးက အဖွဲ့အစည်းများနှင့်ပါ ဆက်သွယ်ဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များပါရှိ၍ ယင်းဥပဒေများကို ကျွမ်းကျင်နှံ့စပ်အောင် ကြိုတင် လေ့လာထားကြရန် လိုကြောင်း။

ကြိုးပမ်းထမ်းဆောင်

အလားတူ အီလက်ထရွန်နစ် ဆက်သွယ်ရေးဆိုင်ရာ အသိပညာများကို ဥပဒေအရာရှိများက ဆည်းပူးလေ့လာထားကြရန် လိုကြောင်း၊ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးမှု အရှိန်ရလာသည်နှင့်အမျှ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ လိုအပ်ချက်အရ ခေတ်နှင့်အညီ ဥပဒေ၊နည်းဥပဒေများကို ပိုမိုပြဋ္ဌာန်းလာရကြောင်း၊ ဥပဒေအကြံဉာဏ်ပေးရသည့် ကိစ္စများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာကြောင်း၊ ရှေ့နေချုပ်ရုံး၏ တရားစွဲနှင့် အမှုလိုက်တာဝန်သည် ပမာဏအားဖြင့် ကြီးမားသည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ရေးအတွက် အရေးကြီးသည့် တာဝန်ဖြစ်ကြောင်း၊ မှုခင်းများလိုက်ပါဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ကြိုးပမ်းထမ်းဆောင်ကြရန် လိုကြောင်း၊ ကိုယ်ကျင့်သိက္ခာခိုင်မာစွာနှင့် စိတ်စေတနာကောင်းများ ထားရှိကြရန် လိုကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနအဖွဲ့အစည်းများနှင့် ပြည်သူများပါ ယုံကြည်အားထားသည့် ဥပဒေအရာရှိများဖြစ်အောင်ကြိုးစားကြရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)နှင့် ပြည်နယ်၊တိုင်း ဥပဒေအရာရှိများက အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းများဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၀)၊ အမှုဆောင်အရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ်(၁)၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၁၉)၊ အခြေခံအင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၇)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၃၃) သင်တန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

တက်ရောက်

အဆင့်မြင့် အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၀)သို့ ဦးစီးဌာနများမှ သင်တန်းသား၂၀၊ အမှုဆောင်အရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ်(၁)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၃၀၊ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၁၉) သို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသား ၂၇ ဦး၊ အခြေခံအင်ဂျင်နီယာသင်တန်းအမှတ်စဉ်(၇)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၁၇ ဦး၊ စာရေး ဝန်ထမ်းသင်တန်း အမှတ်စဉ်(၃၃)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၆၀၊ စုစုပေါင်းသင်တန်းသား ၁၅၄ ဦး တက်ရောက်ကြသည်။

သင်တန်းကာလမှာ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း၊ အမှုဆောင်အရာရှိများ မွမ်းမံသင်တန်းနှင့် စီမံခန့်ခွဲရေးသင်တန်းများမှာ ရက်သတ္တပတ် ၁၀ ပတ်ဖြစ်ပြီး ကျန်သင်တန်းများမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်သည်။

သင်တန်း ဖွင့်ပွဲအပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် သင်တန်းသားများ၏ အိပ်ဆောင်၊ ထမင်းစားခန်း၊ စာသင်ခန်း၊ သင်တန်းကျောင်းများ၏ စိုက်ပျိုးရေးနှင့် သာယာလှပရေး ဆောင်ရွက်ထားမှုတို့အား လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇောတိနှမ့်ဆန်ကျောင်း(စမ်းချောင်း) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၆

စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဇောတိနှမ့်ဆန်ကျောင်း၌ ပဥ္စမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆို လပြည့်နေ့(ဇူလိုင် ၃၁ ရက်) စနေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် တအောင်း-ပလောင် မိသားစုများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်နီးရပ်ဝေးမှ အလှူရှင် ဒါယကာ ဒါယိကာမများ တက်ရောက်ပူဇော်ကြရန်နှင့် ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၃၅၀၀နှုန်းဖြင့်လည်းကောင်း၊ မိမိတို့အစီအစဉ်ဖြင့် အခြား လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဖုန်း- ၅၀၀၇၉၄ သို့ ကြိုတင်စာရင်း ပေးသွင်းလှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(က-ပ)**

ဆရာတော်ဘဒ္ဒန္တ ဝါယမ တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၆

ဗဟန်းမြို့နယ် မဟာသက္ကျအတုလ မာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား အာရုံခံ တန်ဆောင်းတော်ကြီးအတွင်း၌ ငါးထပ်ကြီးကျောင်းတိုက် နာယကချုပ်ဆရာတော် ဘဒ္ဒန္တဝါယမ (သာသနဓဇဓမ္မာစရိယ ဒီဃဘာဏက) ဓမ္မကထိက အရှင်မြတ်သည် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ၁ နာရီမှစ၍ သူတော်စင်အပေါင်းတို့အား နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၇-၇-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် ၁၉၆၄ ခု ပြည်သူ့အလုပ်သမားများ၏အခြေခံရပိုင်ခွင့်နှင့် တာဝန်များ (ဒုတိယနှစ် - ဥပဒေပညာ အထူးပြု)
- ၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း-၁၀)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် အယောင်ဆောင်စွမ်းအားရှင်"** (အပိုင်း-၃)

ဇူလိုင် ၂၂ရက်က ကြည့်မြင်တိုင်မြို့နယ် အထက (၁) မြဝတ်ရည်ခန်းမတွင် သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ကျင်းပရာ ဗဟိုစီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ညွန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်မေသီ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးနှင့် ဆရာမများ၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်သွားဆရာဝန် ဒေါက်တာချိုဇင်အောင်က ဟောပြောစဉ်။ (က-ပ)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ဆက်လက်၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးက အမှာစကား ပြောကြားရာတွင် "နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံ့အပေါ်ထားရှိအပ်သော စေတနာကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေပုံကိုလည်းကောင်း၊ စပါး အပါအဝင် အဓိကသီးနှံ ၁၀ မျိုး အထွက်တိုးအောင် ကြိုးပမ်းနေကြပုံကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ စပါးနှင့်တကွ ရေ၊ မြေရာသီဥတုနှင့်ကိုက်ညီသော အခြားသီးနှံများ အထွက်တိုးအောင် ကြိုးပမ်းနေပုံကိုလည်းကောင်း" တက်ရောက်လာသူများ ဗဟုသုတပွားအောင် ပြောကြားရင်း "တစ်ချိန်တုန်းက ဒေသတစ်ခုမှာ အထွက်ကောင်းမျိုး စိုက်ပျိုးပါလျက် အထွက်မကောင်းခဲ့သော ဖြစ်စဉ်တစ်ခု"ကို ကိုယ်တွေ့ ပြောကြားလေ၏။

အထွက်နှုန်း တင်း၁၀၀ကျော် မုချရရှိပါမည်ဟူသော အာမခံချက်ဖြင့် အထွက်ကောင်းစပါးမျိုးတစ်မျိုးကို ဝယ်ယူကာ အဖွဲ့အစည်းပိုင် လယ်တစ်ခု၌ စိုက်ပျိုးခဲ့ရာ တကယ်တမ်းရိတ်သိမ်း ခြွေလှေ့ခြင်တွယ်သောအခါတွင်မူ တင်း ၆၀ ကျော်သာ ရရှိခဲ့သောကြောင့် အာမခံသူများကို ခေါ်ယူပြသသောအခါ "မိမိတို့ဆီမှာ အမှန်ပင် တင်း ၁၀၀ကျော်ထွက်ရှိပါကြောင်း၊ ဤ၌ ပြည့်မီစွာ မထွက်ရှိသည်မှာ အကြောင်းတစ်ခုခုကြောင့်သာ ဖြစ်မည်ထင်ပါကြောင်း၊ မျိုးကြောင့် မဟုတ်သည်ကို အာမခံပါကြောင်း၊ ယခုရိတ်သိမ်းပြီး လယ်ကွင်းကို စစ်ဆေးကြည့်လိုပါကြောင်း" တင်ပြသဖြင့် ကွင်းဆင်း၍ စေ့စေ့စပ်စပ် စစ်ဆေးကြည့်ကြ၏။

ဤတွင်.....

(၁) အများမြင်သာလောက်သော လယ်ကွက်များ၌သာ စိုက်စနစ် မှန်ကန်စွာ စိုက်ကြောင်း။

(၂) အများမမြင်သာလောက်သည့် ချောင်ကျကျ၊ ခပ်ဝေးဝေး လယ်ကွက်များ၌မူ မည်ကာမတ္တ ဖြစ်ကတတ်ဆန်း စိုက်ထားကြောင်း။

(၃) ချောင်ကျကျ လယ်ကွက်အချို့၌ ကောက်နှံ တစ်ပင်နှင့်တစ်ပင် တစ်တောင်မက ခြားကွာနေကြောင်းတို့ကို ရိုးပြတ်များက သက်သေပြလေ၏။

ကိုယ်တွေ့ကြုံခဲ့ဖူးသော ယင်းဖြစ်စဉ်ကို တိုင်းမှူးက ပြောကြားပြီး "စိုက်စနစ်မှန်ကန်စွာစိုက်ရန်လိုကြောင်း၊ တစ်ဧကတွင် ကောက်ပင်တစ်သိန်းခုနစ်သောင်းဝင်အောင် စနစ်တကျစိုက်ရန်လိုကြောင်း၊ စိုက်ပြီးလျှင် ပြီးရောဟုသဘောထားမျိုးမရှိအပ်ကြောင်း၊ စိုက်ပြီးနောက် အရိပ်တကြည့်ကြည့်ဂရုစိုက်ရန်အထူးလိုကြောင်း"တို့ကို တောင်သူများအသိရှင်း၊ အမြင်လင်းအောင် နားသွင်းမှာကြားလေ၏။

ထို့နောက်ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ရွှေရင်အေးမျိုးစပါးများ ဝယ်ယူဖြန့်ဖြူးမှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြ၏။

တိုင်းမှူးက ကယားပြည်နယ်အတွင်း ၂၀၀၄-၂၀၀၅ ခုနှစ် မိုးရာသီတွင် မျိုးပွားစိုက်ပျိုးရန်အတွက် ရွှေရင်အေးစပါးမျိုး တင်း ၂၀၀၀ ကို ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများအား ပေးအပ်၏။ ဆက်လက်၍ ဒုတိယဝန်ကြီးက တောင်ကြီးခရိုင်နှင့်လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ရွှေရင်အေးမျိုးစပါးများပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးမန်နေဂျာများက လက်ခံရယူ၏။

ယင်းအစီအစဉ်များပြီးဆုံးသောအခါ ရွှေရင်အေးစပါးမျိုး နွေစပါးများကို စက်ဖြင့်ရိတ်သိမ်း၍ စက်ဖြင့်ခြွေလှေ့ကာ စံတင်းဖြင့် ချိန်တွယ်စစ်ဆေးကြသောအခါ အဖြေမှာ တစ်ဧကလျှင် ၁၄၇ ဒသမ ၅၃ တင်းဟုဖြစ်လေ၏။ ဤ၌ ဤဆောင်းပါးရေးသားနေစဉ် အခြားဖြစ်ထွန်းမှုတစ်ခုကို တစ်ဆက်တည်း မှတ်တမ်းတင်ရလျှင် ၂-၇-၂၀၀၄ ရက်နေ့ ကယားပြည်နယ် ဒီမောဆိုမြို့နယ် ရွှေရင်အေးနွေစပါး ရိတ်သိမ်းပွဲ၌လည်း တစ်ဧကလျှင် ၁၆၂ ဒသမ ၅၀ တင်း ထွက်ရှိခြင်းဖြစ်ပါသည်။

SR၄၅၆ သက်လတ်မျိုးစပါးဖြစ်သော ရွှေရင်အေးစပါး၏ အမှန်တကယ် အထွက်ကောင်းပုံတို့ကို ဒေသခံများ လက်တွေ့မျက်တွေ့ခဲ့ကြပြီ။ စားကောင်း၍ အာဟာရဓာတ်ပြည့်ဝကြောင်းလည်း လျှာတွေ့အာတွေ့ဖြစ်ခဲ့ကြပြီ။

ထို့ကြောင့် ရွှေရင်အေးစပါးသည် ရွှေဘဝင်အေးသွားမည့်အပြင် ရွှေအသွင် ထွေးပွေ့ထားအပ်သည့် စိုက်သူ၊ စားသူအကြိုက် စပါးမျိုးဖြစ်ရကား ပေါပေါစား များများလှူ ရွှေပြည်နိဗ္ဗူအောင်ဆုယူဖို့ ထွန်းပြူပေါ်ထွက်လာသော စပါးမျိုးကောင်းဖြစ်လျက် ရှိပါသတည်း။ ။

ဝါတွင်းတရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၆

ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်ရွာအတွင်းတောင်ကိုးလုံး စိတ္တသုခတပ်ဦးကျောင်းတိုက်တွင် ဝါတွင်းသုံးလ ရက်ပေါင်း (၉၀) တရားစခန်းဖွင့်ပွဲနှင့် ဆရာတော်အရှင်ဇာဂရ [ပိဋကတ္တယပါရဂူ ဓမ္မာစရိယ မဟာဝိဇ္ဇာ(အိန္ဒိယ) မဟာစည်နယ်လှည့်ဓမ္မ ကထိက] အမှူးပြုသော ဝါဆိုဝါကပ်မည့် သံဃာတော်အပါး ၃၀ကျော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဇူလိုင် ၃၁ ရက် (စနေနေ့)တွင် ကျင်းပမည်ဟု သိရသည်။

(က-ပ)

ရှေ့နေချုပ်ရုံး ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

ရှေ့နေချုပ် ဦးအေးမောင်နှင့်ဇနီး ဒေါ်ခင်မြမြတို့အား အမှူးထား၍ ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်း၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း(၂)လမ်းထောင့်ရှိ ရှေ့နေချုပ်ရုံးဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်နှင့်ဇနီး ဒေါ်ခင်မြမြ၊ ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသော ဦးဟန်ရှိန်၊ဦးမြင့်နိုင်နှင့် ဇနီး ဒေါ်တင်ဌေးလှိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ရှေ့နေချုပ်ရုံး၊ ရန်ကုန်တိုင်းဥပဒေရုံးနှင့် တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ် ဥပဒေရုံးများမှ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် မဟာရာဇိကာရာမ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပယအမှူးပြုသော သံဃာတော်အရှင်မြတ် ၁၀ ပါးတို့အား ဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး နာယက ဆရာတော် ဘဒ္ဒန္တဓမ္မပယထံမှ ငါးပါးသီလခံယူဆောက်တည်၍ တရားတော်နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကာ သာဓုအနုမောဒနာ ခေါ်ဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇူလိုင် ၂၆ရက်က အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီးတို့အား အမှူးပြု၍ ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၃)ရပ်ကွက်ရှိ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၌ကျင်းပရာ ဝန်ကြီးဦးအောင်သောင်းနှင့်ဇနီးတို့က ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (စက်မှု-၁)

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီးဗိုလ်ချုပ်စိန်ထွား အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။(ဝဲပုံ)

တက်ရောက်

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/ တိုင်း ဦးစီးဌာနမှူးများ၊ ဦးစီးရုံးချုပ်ရှိ အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်/တိုင်း ဦးစီးဌာနမှူးများမှ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြပြီး ဝန်ကြီးမှ လုပ်ငန်းဆိုင်ရာများကိုမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာ၊ စည်းကမ်းပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အဆင့်ဆင့်ဝန်ထမ်းများ လိုက်နာရမည့် အချက်များကို အကျယ်တဝင့်မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီးတွင်၁၃၆၈ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၁ရက် (ဩဂုတ်၁ရက်) တနင်္ဂနွေနေ့တွင် ပုရိမဝါကပ်ဆိုတော်မူကြမည့် စာချ-စာသင်သံဃာတော် အရှင်မြတ်အပါး ၂၈၀ တို့အား ဝါဆိုသင်္ကန်းများ ကပ်လှူကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကင်းမြို့နယ် သဲအင်းဂူဓမ္မဗိမာန်ကြီး ဝါတွင်း(ဥပုသ်နေ့တိုင်း) တရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့ကကြီးမှူး၍ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံ အနောက်ရပ် ဂုဏာလင်္ကာရ (နတ်မြစ်)ကျောင်းမှ ဘဒ္ဒန္တစိန္တာမယ(ဓမ္မာစရိယ၊ နယ်လှည့်သာသနာပြု ဓမ္မကထိက) အရှင်သူမြတ်က နံနက် ၉နာရီ သီလပေးတရားဟောကြားပြီး မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီနှင့် ညနေ ၄နာရီမှ ၅နာရီအထိ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ခန္ဓာကိုယ်တွေ့ပဋိစ္စသမုပ္ပာဒ်တရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ယခုအပတ် မြန်မာဗီဒီယို ၁၂ကား ဖြန့်ချိပြသ

ရန်ကုန် ဇူလိုင် ၂၆

ဇူလိုင် ၂၆ ရက် တနင်္လာနေ့မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၂ ကား ဖြန့်ချိပြသခွင့်ရရှိရာ ၎င်းဇာတ်ကားများမှာ အောက်ပါအတိုင်းဖြစ်သည်။

စိန်ဌေးဗီဒီယိုမှဒါရိုက်တာ ကျော်ဇော်လင်း ရိုက်ကူး၍ လူမင်း၊ နန္ဒာလှိုင်တို့ပါဝင်သော**'ရေမရောတဲ့အချစ်'**၊ အမိမြေဗီဒီယိုမှ ဒါရိုက်တာ စိုးကျော်ကျော် ရိုက်ကူး၍ကျော်ဝင်းထွန်း၊ ပိုးအိမောင်တို့ပါဝင်သော **'အနိုင်ယူမှ နိုင်လူ'**၊ စိန်ပန်းမင်းဗီဒီယိုမှ ဒါရိုက်တာ ဗဟိန်းသန်းရိုက်ကူး၍ ရဲဒိုး၊ ချစ်စရာ၊ ဗေလုဝ၊ ဆိုဖီတို့ပါဝင်သော **'ရယ်စရာ အပိုင်းအစတွေသယ်လာပြီ'**၊ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်သန့်ဇင်အောင်ရိုက်ကူး၍

'နာမည်တစ်လုံးနဲ့နေကြသူများ' အဆင့်မြင့် ဒီဗီဒီဇာတ်ကားမှ လူမင်းနှင့် အိန္ဒြာကျော်ဇင်။

လပ်ကီးဆဲဗင်းမှ ဒါရိုက်တာ မိုက်တီးရိုက်ကူး၍ လွင်မိုး၊ ခိုင်သင်းကြည်၊ ကင်းကောင်တို့ ပါဝင်သော **'အချစ်ပေါင်းအချစ်'**၊ လပ်ကီးပလေ့ဗီဒီယိုမှ ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်ကူး၍ မင်းမော်ကွန်း၊ ခိုင်သင်းကြည်တို့ ပါဝင်သော**'မယ့်ကိုယ်စားမွေးမြလေသလား'**၊ ဖိုးလပြည့် ဗီဒီယိုမှ ဒါရိုက်တာယွန်းရိုက်ကူး၍ မင်းကို၊ ယဉ်မင်းပိုက်တို့ပါဝင်သော **'လက်ဝဲသုန္ဒရ'**၊ မိုးဒီ၊ ခင်လှိုင်၊ မိုးပြည့်ပြည့်မောင်တို့ ပါဝင်သော **'ရယ်စရာအစီရင်ခံစာ'**၊

လပ်ကီးဆဲဗင်းမှ ဒါရိုက်တာ ရဲမင်းပိုင် ရိုက်ကူး၍ ထက်ရှား၊ ရွှန်းလဲ့ဦးတို့ပါဝင်သော **'ပျားရည်လိုလည်း ချိုတယ် တမာလိုလည်းခါးတယ်'**၊ ဒါရိုက်တာ စန္ဒာအောင်သိန်းရိုက်ကူး၍ အောင်ပိုင်၊ စိုင်းသီဟခိုင်တို့ပါဝင်သော **'ငရဲလမ်းကို ဖြတ်မည့်လူ'**၊ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ စန္ဒာအောင်

မောင်ဆွေထွန်း

သိန်းရိုက်ကူး၍ နေမျိုးအောင်၊ ယမင်းကိုကို၊မိုးပြည့်ပြည့်မောင်တို့ ပါဝင်သော **'အဖေတစ်ခု၊သမီးတစ်ခု'**၊ ဒါရိုက်တာ မောင်သိန်းနိုင်ရိုက်ကူး၍ ကင်းကောင်၊ ဖိုးဖြူ၊ လှအဥ္စလီတင့်တို့ ပါဝင်သော **'ဧည့်သည်'** ဇာတ်ကားများ ဖြန့်ချိပြသမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

'အဖေတစ်ခုသမီးတစ်ခု' ဇာတ်ကားမှ နေမျိုးအောင်နှင့် ကလေးသရုပ်ဆောင်။

ရေမရော တဲ့ အချစ်

'ရေမရောတဲ့ အချစ်' ဇာတ်ကားမှ **လူမင်းနှင့် နန္ဒာလှိုင်တို့ သရုပ်ဆောင်ဟန်။**

နာမည်တစ်လုံးနဲ့နေကြသူများ အဆင့်မြင့် ဒီဗီဒီ ဇာတ်ကားပြသ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းတင်ဆက်ပြီး ဒါရိုက်တာကျော်ဇောလင်းရိုက်ကူးသည့်'နာမည်တစ်လုံးနဲ့နေကြသူများ'အဆင့်မြင့် ဒီဗီဒီဇာတ်ကား နဝဒေးရုံတွင် တင်ဆက်ပြသနေသည်။ လာမည့်သောကြာနေ့တွင် စံပြ၊ရွှေမန်း၊ သီတာရုံများ၌ ဆက်လက်ပြသမည်။

လူမင်း၊ ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်နှင့် ဇင်ဇင်ဇော်မြင့်တို့ ပါဝင်သရုပ်ဆောင်ထားကြပြီး မူခင်းတိုက်ဖျက်ရေး ပညာပေးဇာတ်ကားဖြစ်သည်။

(မြန်မာ့အလင်း)

သန်လျင်မိုးကုတ်ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း သန်လျင်မြို့ အမှတ် (၂၈) သိပ္ပံလမ်း အုတ်ဖိုစုရပ်ကွက် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ အမှတ် (၁၂၆)၏ ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ရက်)တွင် ကျင်းပမည်ဖြစ်ရာ သံဃာတော် ၁၅ ပါးတို့အား ဆွမ်းစသော ဒါတဗ္ဗဝတ္ထု အစုစုတို့နှင့် ဝါဆိုသင်္ကန်းလှူဒါန်းမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင်ကြွရောက်၍ သင်္ကန်းကပ်လှူခြင်းနှင့် သစ္စာတရား အတူတကွနာကြားနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ-၂၀၀၄ မန္တလေး၊ မုံရွာ၊ ပုဂံ၊ တောင်ကြီး၊ မြိတ်နှင့် ပဲခူးမြို့တို့၌ကျင်းပမည်

အမှာစကားပြောကြား

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ -၂၀၀၄ သတင်းစာရှင်းလင်းပွဲကို ဆီဒိုးနားဟိုတယ်တွင် ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်က အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Rothmans of Pall Mall Myanmar Pte., Ltd. က အဓိကပံ့ပိုးမည့် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ-၂၀၀၄ (Myanmar Golf Tour-2004) ကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ MPGAနှင့် MGFဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ Rothmans of Pall Mall Myanmar Pte., Ltd.မှ မန်နေဂျင်းဒါရိုက်တာ Mr.Arend Ng၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေးနှင့် အဖွဲ့ဝင် နိုင်ငံခြားသတင်းထောက်များ၊ MPGA အထွေထွေ အတွင်းရေးမှူး ဦးချမ်းဟန်နှင့် အမှုဆောင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ MPGA နှင့် MGF ဥက္ကဋ္ဌဦးဝင်းလှိုင်က မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ-၂၀၀၄ ကျင်းပရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် Rothmans of Pall Mall Myanmar Pte.,Ltd. မန်နေဂျင်းဒါရိုက်တာ Mr.Arend Ng နှင့် MPGA အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်တို့က ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ဖြေကြား

ဆက်လက်၍ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် မေးမြန်းချက်များကို MPGAနှင့် MGF ဥက္ကဋ္ဌဦးဝင်းလှိုင်၊ MPGAအထွေထွေအတွင်းရေးမှူးဦးချမ်းဟန်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ယခုနှစ်ပြိုင်ပွဲများသို့ မန္တလေး၊ မုံရွာ၊ ပုဂံ၊ တောင်ကြီး၊ မြိတ်နှင့် ပဲခူးမြို့တို့တွင် ပြိုင်ပွဲအမျိုးအစားအလိုက် ကျင်းပသွားမည်ဖြစ်ပြီး ဆုကြေးငွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ- ၂၀၀၄ တွင် ဆုကြေးအဖြစ် ပထမဆုငွေ ကျပ် ၈၀၀၀၀၀၊ ဒုတိယဆုငွေ ကျပ် ၄၀၀၀၀၀၊ တတိယဆုငွေ ကျပ် ၂၅၀၀၀၀၊ စတုတ္ထဆုငွေ ကျပ် ၂၀၀၀၀၀၊ ပဉ္စမဆုငွေကျပ် ၁၇၅၀၀၀ နှင့် အနည်းဆုံးဆုကြေး အဖြစ် အမှတ်စဉ် ၂၅ ရရှိသူအား ငွေကျပ် ၅၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် Co-Sponsors များဖြစ်ကြသော Air Mandalay, Tiger Beer, Alpine Drinking Water, Htoo Trading, K.M Golf Centre, Maruman, Tour Stage, Srixon, Wilson, Grandslam(Munsing Wear), ACCEL International Co.,Ltd. (Canon),Sedona Hotel (Mandalay), Sunfar Travels & Tour နှင့် Han Event Management တို့ကလည်း ပံ့ပိုးကူညီကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက ပြိုင်ပွဲဝင် တစ်သင်းချင်းအား အမှတ်တရအလံများနှင့် နည်းစနစ်ဆိုင်ရာ ဗွီစီဒီ အချပ်များ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျော်ဇေယျာTelecommunication Services Co., Ltd. မှ Managing Director ဒေါက်တာနိုင်ဝင်းနှင့် ဟန်မြန်မာ Electronic မှ Managing Director ဒေါက်တာစန်းနိုင်တို့က ငွေကျပ်သိန်း ၃၀၊ Metropolitan Industry Co., Ltd.မှ Managing Directorဦးခင်ထွေးက ငွေကျပ်ငါးသိန်း၊ စိုးမိုးကျော်ထီလုပ်ငန်းပိုင်ရှင် ဦးမျိုးသန့်က ငွေကျပ်လေးသိန်း အသီးသီးလှူဒါန်းကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ၂၀၀၃ခုနှစ် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၂၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်းခတပြိုင်ပွဲ၌ ဒုတိယငွေတံဆိပ်ရရှိခဲ့သည့် မယင်းဟာထောင်းလွယ်အား ဂျပန်နိုင်ငံ SHOBUကရာတေးဒိုဝတ်စုံ ကုမ္ပဏီကချီးမြှင့်သော ကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ ကရာတေးဒိုဝတ်စုံအား SHOBU ကရာတေးဒိုဝတ်စုံကုမ္ပဏီကိုယ်စား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလအတွင်းက တရုတ်(တိုင်ပေ)၌ ကျင်းပခဲ့သော (၆)ကြိမ်မြောက် အာရှကရာတေးဒိုပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်ခတ ငွေတံဆိပ်ရ မြန်မာအသင်းကို ငွေကျပ်သုံးသိန်းနှင့် အမျိုးသားတစ်ဦးချင်း ခတ တတိယကြေးတံဆိပ်ဆုရ မြင့်ဇော်ဦးအား ငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။

သရုပ်ပြ

ဆက်လက်၍ ပြိုင်ပွဲဝင်တစ်သင်းချင်းအား အမှတ်တရအလံများနှင့် နည်းစနစ်ဆိုင်ရာ ဗွီစီဒီအချပ်များကို မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက ပေးအပ်ချီးမြှင့်ပြီး မြန်မာ့ကရာတေးဒိုလက်ရွေးစင်များက သရုပ်ပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

အာရှဖလားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ အီရတ်နှင့် ဥဇဘက်ကစ္စတန် ကွာတားတက်

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၄ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ အီရန်အသင်းက ဆော်ဒီအာရေဗျအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဥဇဘက်ကစ္စတန်အသင်းက တာ့ခ်မီနစ္စတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကြသည်။

အီရန်အသင်းက ဆော်ဒီအာရေဗျအသင်းကို အနိုင်ရရှိသောပွဲစဉ်တွင် အီရန်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၅၁မိနစ်တွင် နာရှက်အာစရန်ကလည်းကောင်း၊ ဒုတိယဂိုးကို ၈၆မိနစ်တွင် ယူနစ်မာမော့ဒ်ကလည်းကောင်း သွင်းယူပေးသည်။ ဆော်ဒီအာရေဗျအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၅၇မိနစ်တွင် ဟာမက်ဒယ်လ်မိုတာရှာအီက သွင်းယူပေးသည်။

ဥဇဘက်ကစ္စတန်အသင်းက တာ့ခ်မီနစ္စတန်အသင်းကို အနိုင်ရရှိသောပွဲစဉ်တွင် ဥဇဘက်ကစ္စတန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်၅၈မိနစ်တွင် မာဒီဂျာလေကာဆီမော့ဗ်က သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဥဇဘက်ကစ္စတန်အသင်းမှ မာဒီဂျာလေကာဆီမော့ဗ်က ရရှိသည်။

အုပ်စု(ဂ)

အုပ်စု(ဂ)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဥဇဘက်ကစ္စတန်အသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမ၊ အီရတ်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ဆော်ဒီအာရေဗျအသင်းက တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ တစ်မှတ်၊ တာ့ခ်မီနစ္စတန်အသင်းက တစ်ပွဲသရေ၊ နှစ်ပွဲ ရှုံး၊ တစ်မှတ်ဖြင့် အုပ်စုအဆင့်မှ ထွက်သွားရပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

မဟာစည်ယောဂီ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၂၆

ဗဟန်းမြို့နယ် အမှတ် ၁၆ သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ ၂၀၀၃-၂၀၀၄ ခုနှစ် (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်၂၅ရက် မွန်းလွဲ ၁နာရီက မဟာကုသလကာရီ ဓမ္မသာလာမဏ္ဍပ်၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဟိတေသီအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များနှင့် ယောဂီများ၊ ဖိတ်ကြားထားသော အလှူရှင် ဓမ္မမိတ်ဆွေများ တက်ရောက်ကြပြီး ရှေးဦးစွာ မဟာစည်ရိပ်သာကြီး၏ နာယကဆရာတော် ဘဒ္ဒန္တ ဇဋိလထံမှ ဩဝါဒခံယူကြလျက် အစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဇူလိုင်၂၂ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဘောလုံးများ ပေးအပ်လှူဒါန်းသည့်အခမ်းအနားတွင် အင်အား အားကစားဂျာနယ် ဦးဆောင်နာယက ဦးကျော်ငြိမ်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အတွက် မြန်မာ့ဘောလုံးအားကစားသမိုင်း(ပထမပိုင်း) စာအုပ်များကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က လက်ခံရယူစဉ်။ (က-ပ)

အိမ်ရှင်တရုတ်အုပ်စုပထမ၊ ဘာရိန်းဒုတိယရပြီး ကွာတားတက်ပြီ ဂျော်ဒန်နှင့်ယူအေအီး၊တောင်ကိုရီးယားနှင့် ကူဝိတ်တို့ယနေ့ကစားမည်

AFC
ASIAN CUP
CHINA 2004

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၂၆

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲကို တရုတ်နိုင်ငံ၌ ဆက်လက် ကျင်းပလျက်ရှိရာအုပ်စု(က) အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် ပေကျင်းမြို့ အလုပ်သမား အားကစားကွင်း၌ ဇူလိုင် ၂၅ ရက်က ကျင်းပရာ ပထမပွဲတွင် အိမ်ရှင်တရုတ်က ကာတာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး၊ ဒုတိယပွဲတွင် ဘာရိန်းက အင်ဒိုနီးရှားကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

တရုတ်အသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ရရှိကာ အုပ်စု(က) အုပ်စုဗိုလ်အဖြစ်ကွာတားသို့ တက်ရောက်သွားပြီဖြစ်ပြီး ဘာရိန်းသည်လည်း သုံးပွဲကစား၊ တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ငါးမှတ်ရရှိကာ အုပ်စု(က)အုပ်စုဒုတိယဖြင့် ကွာတားတက်ပြီဖြစ်သည်။

ဇူလိုင်၂၅ရက်က အိမ်ရှင်တရုတ်နှင့် ကာတာတို့ပွဲတွင် ပွဲစသည်နှင့် တရုတ်တို့ ဖိကစားနိုင်ပြီး ကာတာအသင်းဘက်သို့ ထိုးဖောက်ကစားရာ ပွဲချိန် ငါးမိနစ်မှာပင် တရုတ်တို့ ပြစ်ဒဏ်ဘောရရှိပြီး ကန်တင်ရာမှ တရုတ်တိုက်စစ်မှူး ပိတ်ကန်သွင်းသော်လည်း ဂိုးဘားတန်းပေါ်မှ ကျော်သွားခဲ့သည်။ တရုတ်တို့ ကွင်းလယ်ကစားကွက်ကို စိုးမိုးထားနိုင်သော်လည်း ရှေ့တန်းတိုက်စစ်မှူးများထံ ဘောလုံးဖြန့်တင်ပေးမှုများ တိကျမှုမရှိသဖြင့် ထိထိရောက်ရောက် တိုက်စစ်မဆင်နိုင်ဘဲရှိနေရာ ပွဲချိန် ၁၃ မိနစ်တွင် တရုတ်တို့ ပြစ်ဒဏ်ဘောရရှိရာ ကန်သွင်းသော်လည်း ကာတာ နောက်ခံလူများ ဖျက်ထုတ်နိုင်ခဲ့သည်။

ပိုင်နိုင်စွာအသုံးမချနိုင်

ပွဲချိန်၂၆မိနစ်တွင် တရုတ်အသင်းခေါင်းဆောင် လီဝေဖန် ဘောလုံးဆွဲယူလာသည်ကို ကာတာနောက်ခံလူများ ဖျက်ထုတ်ရာမှ ပြစ်ဒဏ်ဘောရရှိရာ ကာတာဂိုးဧရိယာအစပ်မှ ဖရီးကစ်ကန်သွင်းသော်လည်း ဘေးထွက်သွားသဖြင့် တရုတ်တို့ နစ်နာခဲ့ရသည်။

တရုတ်တို့ အချိန် အတော်များများကာတာကို ဖိကစားနိုင်ပြီး တရုတ်ရှေ့တန်းမှ လီကျင်ယု၊ လီယီ၊ ယန်ဆောင်တို့ကို အလယ်တန်းမှ ဇာအိုဂျန်ဇီ၊ ဆာရိဂျီရာယီတို့ ပံ့ပိုး ပေးနိုင်ပြီး တိုက်စစ်တွင်ပါ အားဖြည့်နိုင်သော်လည်း အခွင့်အရေးများ ပိုင်နိုင်စွာ အသုံးမချနိုင်ခဲ့ပေ။

ပွဲချိန်၃၅မိနစ်နှင့် ၃၇မိနစ်တို့တွင် တရုတ်တို့ သေချာပေါက်ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း ဂိုးမဝင်ခဲ့ရာ ကာတာတို့ တစ်ချီတစ်ချီ ထိုးဖောက်ကစားမှုကိုလည်း သည်းထိတ်ရင်ဖိုစွာ ရင်ဆိုင်ခဲ့ရသည်။ ပွဲချိန်၄၁မိနစ်တွင် ကာတာအလယ်တန်းမှ တင်ပေးလိုက်သည့်ဘောလုံးကို ကာတာတိုက်စစ်မှူး ဆိစ်ဒ်ဘာချီရာကန်သွင်းရာ ကန်ချက်ပျော့ပြီး တရုတ်ဂိုးသမား လူယန်ဖိုင် ဖမ်းမိသွားသဖြင့် တရုတ်တို့သက်သာခဲ့ရခြင်းဖြစ်သည်။

ကာတာအသင်းအိမ်ပြန်ပြီ

ပွဲချိန်၇၈မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် တရုတ်နောက်ခံလူ ဇူယန်လောင် ခေါင်းတိုက်သွင်းခဲ့သဖြင့် တရုတ်တို့ တစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ကာတာအသင်းမှာ တရုတ်တို့၏ ဖိကစားမှုကို တစ်ချိန်လုံးနီးပါး ခံရကာ ခြေစွမ်းပျောက်လျက်ရှိသည်။ တရုတ်တို့ ဇူယန်လောင်သွင်းသည့် တစ်ဂိုးဖြင့် ကွာတားတက်ပြီဖြစ်ရာ အိမ်ရှင်တရုတ်ပရိသတ်အဖို့ အာရှဖလားချန်ပီယံဖြစ်ရန် ပထမတစ်ဆင့်ကို တရုတ်အသင်း အောင်မြင်စွာ အုပ်စုဗိုလ်အဖြစ် တက်ရောက်နိုင်ခဲ့သဖြင့် ကျေနပ်သွားခဲ့ကြသည်။

ကာတာအသင်းမှာ သုံးပွဲကစား၊ နှစ်ပွဲရှုံး၊ တစ်ပွဲ သရေဖြင့် တစ်မှတ်သာရပြီး အိမ်ပြန်ရပြီဖြစ်သည်။

အင်ဒို ကွင်းလယ်ကစားသမား ပိုနာယိုအက်တာမင်က ဘာရိန်းဂိုးရှေ့ကို အလိုက်သင့် ထိုးပေးလိုက်သည့် ဘောလုံးကို အီလိုင်အိုင်ဘိုင်က သွင်းယူခဲ့ရာမှ ချေပဂိုးရရှိခဲ့သည်။ အင်ဒိုတို့ချေပဂိုးရရှိပြီး ကစားအားတင်ခဲ့သော်လည်း ပွဲချိန်၈၂မိနစ်တွင် ဘာရိန်းတို့ ပြစ်ဒဏ်ဘောရရှိရာ ကွင်းလယ်ကစားသမား တေလာယူဆေဖ်က အလွတ်ကန်ဘောမှတစ်ဆင့် ကန်သွင်းရာ တတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ပထမဆုံးအကြိမ်

ဘာရိန်းအသင်း အနိုင်ရရှိခြင်းမှာ အာရှဖလားသမိုင်းတွင် ပထမဆုံးအကြိမ် ကွာတားအဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး သမိုင်းမှတ်တမ်းဝင်သွားခြင်းလည်း ဖြစ်သည်။

ဘာရိန်းနှင့် အင်ဒိုတို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို အင်ဒိုနီးရှားအသင်းမှ အီလိုင်အိုင်ဘိုင်က ရရှိသွားသည်။

အာရှဖလားဘောလုံးပြိုင်ပွဲအုပ်စု

အိမ်ရှင်တရုတ်နှင့် ကာတာတို့ အုပ်စု(က)နောက်ဆုံးပွဲ ယှဉ်ပြိုင်ကစားရာ တရုတ်နောက်ခံလူ ဇူယန်လောင်(အဖြူ)က ကာတာ တိုက်စစ်မှူး ဆိဒ်ဘီချာ ထိုးဖောက်ကစားမှုကို ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇူလိုင်၂၅ရက်က ဒုတိယပွဲအဖြစ် ဘာရိန်းနှင့်အင်ဒိုနီးရှားတို့ ပေကျင်းမြို့ အလုပ်သမားကွင်း၌ပင် ကစားကြရာ ဘာရိန်းအသင်း ပွဲစသည်နှင့် တိုက်စစ်ဖွင့် ထိုးဖောက်ကစားခဲ့သည်။ ယခုပွဲအနိုင်ရမှ ဖြစ်မည်ဟူသောစိတ်ဓာတ်ဖြင့် ဘာရိန်းတို့အားတင်ကစားရာ ပွဲချိန်၃၉မိနစ်တွင် တိုက်စစ်မှူး ဟူစိန်အလီ လွတ်လွတ်ကျွတ်ကျွတ် ဂိုးသွင်းခွင့်ရသော်လည်း အင်ဒိုဂိုးသမား ကာကွယ်နိုင်ခဲ့သည်။

ဦးဆောင်နေ

ပွဲချိန် ၄၃မိနစ် အရောက်တွင် ဘာရိန်းတိုက်စစ်မှူး ဟူစိန်အလီက လှလှပပကန်သွင်းယူခဲ့ရာမှ ပွဲချိန်ပထမပိုင်း ဘာရိန်းတို့ တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။ အင်ဒိုတို့ ကစားကွက်ပျောက်ကာ ဘာရိန်းတို့ ဖိကစားခြင်းကို ခံနေရပြီး တန်ပြန်တိုက်စစ်ကို တစ်ခါတစ်ရံသာ ပြုလုပ်နိုင်ခဲ့ရာ ပွဲချိန် ၅၇မိနစ်တွင် ဘာရိန်းကွင်းလယ်ကစားသမား မိုဟာမက်ဟူဆာရီ ဘယ်ခြမ်းမှ ကန်တင်ပေးသည့် ဘောလုံးကို ဘာရိန်းတိုက်စစ်မှူး အက်လာဟူဘာလီက ခေါင်းတိုက်သွင်းယူရာမှ ဘာရိန်းတို့ ဒုတိယဂိုး ရရှိခဲ့သည်။

အင်ဒိုတို့ နှစ်ဂိုးအသွင်းခံရပြီးမှ အင်ဒိုနည်းပြ အန်ဇန်ကိုလော့က ပုတီရီကို လူစားလဲကာ ကစားကွက်ပြောင်းပြီး ကစားခိုင်းရာမှ ပွဲချိန် ၇၆မိနစ်တွင် နောက်ဆုံးပွဲစဉ်များကို ဆက်လက်ကစားလျက်ရှိရာ အုပ်စု(ခ) အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် ဂျော်ဒန်နှင့် ယူအေအီး၊ တောင်ကိုရီးယားနှင့် ကူဝိတ်အသင်းတို့ တရုတ်နိုင်ငံ ဂျီနန်မြို့ ရှန်ဒေါင်းစပေါ့စင်တာကွင်း၌ ဇူလိုင် ၂၇ ရက် **(ယနေ့)**တွင် ကစားကြမည်ဖြစ်သည်။

ဂျော်ဒန်နှင့် ယူအေအီးအသင်းတို့ အုပ်စုပွဲစဉ်များ ကစားခဲ့ကြရာတွင် ဂျော်ဒန်က တောင်ကိုရီးယားကို သရေကစားပြီး ကူဝိတ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့ရာ နှစ်ပွဲကစားလေးမှတ်ရနေသည်။ ယူအေအီးက နှစ်ပွဲကစား နှစ်ပွဲရှုံး အမှတ်မရသဖြင့် ယခုပွဲတွင် နိုင်နိုင်ရှုံးရှုံး အုပ်စုမှ ထွက်ရမည်ဖြစ်သည်။

ပုံစံပြောင်းကစားမည်

ဂျော်ဒန်အသင်းသည် အာရှဖလားအုပ်စုပွဲ နှစ်ပွဲကစားပြီးနောက် အာရှ၏ ဂရိဟု နာမည်ထွက်လျက်ရှိရာ ဂျော်ဒန်နည်းပြ အယ်ဗိုဟာရီက မိမိအသင်း ခံစစ်အားပြုတန်ပြန်တိုက်စစ်ဆင်ကစားကွက်ကို အခြေခံထားကစားသော်လည်း ပြိုင်ဘက်အသင်းအခြေအနေကိုလိုက်၍ ကစားကွက်ပုံစံပြောင်းကစားမည်ဟု ပြောကြားထားသည်။

ယူအေအီးအသင်းသည် နှစ်ပွဲကစားပြီး တစ်မှတ်မှ မရရှိသေးရာ အိမ်ပြန်လက်ဆောင်အဖြစ် ဂျော်ဒန်ကို အနိုင်ကစားမည်ဖြစ်သည်။

အစဉ်အလာအားဖြင့် ဂျော်ဒန်နှင့် ယူအေအီးတို့ ယှဉ်ပြိုင်ခဲ့သည့် သက်တမ်းတစ်လျှောက်၌ ၁၀ ပွဲကစားခဲ့ရာတွင် ယူအေအီးက ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့သောရလဒ်များ ရှိနေသော်လည်း လက်ရှိတွင် ခြေစွမ်းထက်နေသော ဂျော်ဒန်ကို ယူအေအီးတို့အနိုင် ရရှိရန်မလွယ်ချေ။

အုပ်စု(ခ) အုပ်စုပတ်လည် နောက်ဆုံးပွဲအဖြစ် တောင်ကိုရီးယားနှင့် ကူဝိတ်တို့ တရုတ်နိုင်ငံ ဂျီနန်မြို့ ရှန်ဒေါင်း စပေါ့စင်တာကွင်း၌ပင် ဒုတိယပွဲစဉ်အဖြစ် ဇူလိုင် ၂၇ရက် **(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အနိုင်ကစားရမည်

တောင်ကိုရီးယားသည် အုပ်စုပွဲ နှစ်ပွဲကစားခဲ့ရာ ဂျော်ဒန်ကို ဂိုးမရှိသရေကျပြီး ယူအေအီးကို နှစ်ဂိုး-ဂိုးမရှိ အနိုင်ရရှိခဲ့ရာ လေးမှတ်ရရှိနေပြီး ယခုပွဲစဉ်၌ ကူဝိတ်ကိုနိုင်မှသာ အုပ်စု(ခ) အုပ်စုဗိုလ်ဖြစ်မည်ဖြစ်ရာ ယနေ့ပွဲ ကူဝိတ်ကို အနိုင်ကစားရမည် ဖြစ်သည်။

နာမည်ကြီး တောင်ကိုရီးယား တိုက်စစ်မှူးများ ယခုအာရှဖလားပြိုင်ပွဲတွင် တိုက်စစ် အားပျော့လျက်ရှိပြီး ဂိုးသွင်းစွမ်းရည်လည်း နိမ့်ကျလျက်ရှိသည်။ အသင်းလိုက် စုစည်းညီညွတ်မှုရှိပြီး ရှေ့နောက်အချိတ်အဆက်မိမိ ထိုးဖောက်ကစားတတ်သော်လည်း ဂိုးသွင်းစွမ်းရည် မပြည့်ဝမှုကြောင့် ရသင့်သည့်ဂိုးများ မရဘဲဖြစ်ခဲ့ရသည်။

တောင်ကိုရီးယားတို့ နှစ်ပွဲကစားပြီး လေးမှတ်သာရရှိနေရာ ယခုပွဲတွင် အနိုင်ကစားမှသာ တောင်ကိုရီးယားတို့ အာရှဖလား အနာဂတ်ခရီး၌ ဖြောင့်ဖြူးမည် ဖြစ်သည်။

သို့သော် တောင်ကိုရီးယားနှင့် ကူဝိတ်တို့ နောက်ဆုံးကစားခဲ့သည့် ခြောက်ပွဲတွင် ကူဝိတ်က လေးပွဲနိုင်ပြီး နှစ်ပွဲရှုံးထားသော ရလဒ်များလည်း ရှိနေရာ တောင်ကိုရီးယားတို့ ကူဝိတ်ကို ပေါ့ပေါ့ဆဆ ကစားမိပါက မမျှော်လင့်သော အဖြေများလည်း ထွက်ပေါ်လာနိုင်သည်။

အုပ်စု(ခ) အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နောက်ဆုံးကစားပြီးပါက ကွာတားတက်မည့် အသင်းများ ပီပြင်စွာ ထွက်ပေါ်လာမည်ဖြစ်ရာ ရင်ခုန်စွာ စောင့်ကြည့်ရပေတော့မည်။ ။

(မြန်မာ့အလင်း)

လင်းလွန်းပင်စာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်တွင် ဝါဆိုတော်မူကြမည့် ဆရာတော်နှင့် စာချစာသင် ထေရ်အရှင် ၇၂ပါးတို့အား ဇူလိုင် ၃၁ရက်(စနေနေ့)နံနက် ၉နာရီတွင် ဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်၍ တရားတော်နာကြားရန် လင်းလွန်းမွှာရုံ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်သို့ ကြွရောက်ပါရန်နှင့် ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၂၀၀၀နှုန်းဖြင့် ဖုန်း- ၅၃၇၆၅၇ သို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ မွေးမြူရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက မုံရွာမြို့ ကန်တော်ကြီး ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်းဥက္ကဋ္ဌ ဒေါက်တာသံဒိုင်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာနေဝင်းနှင့်တာဝန်ရှိသူများ၊ တိရစ္ဆာန် ဆေးကုဆရာဝန်များနှင့် မွေးမြူရေး လုပ်ငန်းရှင် ၂၀၀ ကျော်တို့ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အောင်အောင် အင်တာနေရှင်နယ်ကုမ္ပဏီ၊ ရိုင်ရိုမက်ကုမ္ပဏီ၊ ဩဘာကုမ္ပဏီနှင့် ဖော်ကျွန်းကုမ္ပဏီတို့က မြန်မာနိုင်ငံ မွေးမြူရေးတိရစ္ဆာန်များ သက်ညှာရေးဆိုင်ရာကိစ္စများရှင်းလင်းဆွေးနွေးပြီးနောက် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါက်တာသံဒိုင်က မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ပညာရပ်ဆိုင်ရာများ အသေးစိတ် ဆွေးနွေးသည်။

(သတင်းစဉ်)

အသိအမှတ်မပြုပါ

၂၈-၉-၁၉၉၄ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ၃၀-၉-၁၉၉၄ရက်နေ့ထုတ် ကြေးမုံသတင်းစာများတွင် မောင်မင်းသိန်းက ကျွန်မနှင့်လက်ထပ်ပြီးစီးကြောင်း ကြေညာခဲ့ပါသည်။

ထိုအချိန်တွင် ကျွန်မနှင့် မောင်မင်းသိန်းတို့သည် ဂျပန်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသည့် ကာလဖြစ်ပါသည်။ အဝေးရောက်နိုင်ငံသားချင်းခင်မင်စွာဆက်ဆံခဲ့သည်မှအပကျွန်မနှင့် မောင်မင်းသိန်းတို့သည် ဂျပန်နိုင်ငံတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်လည်းကောင်း လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြခြင်း လုံးဝမရှိခဲ့ပါ။

ကျွန်မသည် မြန်မာနိုင်ငံသို့ ပြန်ရောက်ရှိချိန်တွင်မှ ယင်းသို့ကြော်ငြာခဲ့ကြောင်း သိရှိရပါသည်။ သို့ပါ၍ မောင်မင်းသိန်း၏ လက်ထပ်ပြီးကြောင်းကြော်ငြာသည် တစ်ဖက်သတ်ကြော်ငြာခြင်းသာဖြစ်ပါကြောင်း လုံးဝအသိအမှတ်မပြုပါကြောင်း ကြေညာအပ်ပါသည်။

မကျော့ကျော့ခင် ၁၂/ဒဂန(နိုင်)၀၁၇၅၇၁
တိုက် ၂၇၊ အခန်း ၄၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်ထွန်း ၁၂/သဃက(နိုင်)၁၁၉၁၃၉၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမောင်ထွန်း ၁၂/သဃက(နိုင်)၁၁၉၁၃၉ နှင့် ဒေါ်ထိပ်ထားဦး ၁၂/သဃက(နိုင်)၀၁၃၁၄၇တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ကြသဖြင့် ၂၂-၇-၂၀၀၄ရက်တွင် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ၂၂-၇-၂၀၀၄ရက်မှစ၍ ဒေါ်ထိပ်ထားဦးနှင့်ပတ်သက်သမျှ ကိစ္စအဝဝတို့သည် ဦးမောင်ထွန်းနှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။) ဦးမောင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်မင်း
B.A., D.A., R.L
တရားရုံးချုပ်ရှေ့နေ

ဒေါ်စီစီရွှေရင်
B.Sc., I.F.L(Eng), R.L, D.B.L., D.M.L, D.A.Psy
တရားရုံးချုပ်ရှေ့နေ

အမှတ်၅၀ (ပထမထပ်)၊ အခန်း C/4, D/4၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၁၄၃၉၊ ၇၀၅၃၀၉။



စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ် ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒဘာသာနှင့်ဓာတုဗေဒ ဘာသာများပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။
(အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာနသို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ် စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်း စစ်ဌာနချုပ် တည်ရှိသည့် မြို့များ၌ **၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့**တွင် စတင်ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ် အတိုင်း ဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့ သွားမည်။

၁၁။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာ တင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည် / မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ အသက်(၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါ စိတ်ကြိုက်ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများ ဖြစ်ရမည်-

(၁) **တပ်မတော်ဆေးတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ ပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူ နိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့်**စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုး ညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်း စစ်ဌာနချုပ် တည်ရှိသည့်မြို့၌ အောက်ဖော်ပြပါ နေ့ရက်များအတိုင်းစတင်ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆို ရမည့် နေရာ နှင့် အချိန်ကို သတင်းစာ မှ ကြော်ငြာ ပေးမည်-

(က) **တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည် အချင်းစစ် စာမေးပွဲ ဖြေဆို ရမည့်ရက်** (၁၉-၉-၂၀၀၄)

(ခ) **တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်** (၂၀-၉-၂၀၀၄)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာလျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ် အတိုင်း ဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကိုသက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့ သွားမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အောင်ဓမ္မရိပ်သာလမ်း၊
အမှတ် (၄/၁၆) နေ
ဦးမြင့်သိန်းကျော်-ဒေါ်ခင်မူမူထိုက်တို့၏သားလတ်
မောင်ကျော်စိုးမိုး B.E (Electronics)
Bagan Cybertech Co., Ltd.
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဘူတာရုံလမ်း၊
အမှတ် (၉၅) နေ
ဦးသိန်းစိုး-ဒေါ်ကြင်ယုံတို့၏သမီးကြီး
မစိုးဆင့်ဆင့်စိုး
B.A (Hons), M.A (Myanmar)

တို့သည် ၂၅-၇-၂၀၀၄ (တနင်္လာနေ့)တွင် Summit Park View Hotel ၌ နှစ်ဖက်သော ဘိုးဘွား၊ မိဘ၊ ဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စိုးမိုး-မစိုးဆင့်ဆင့်စိုး။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

မကွေးမြို့၊ ပြည်တော်သာတိုက် အမှတ် ၆၊ အခန်း ၆ နေ
ဦးဝင်းသန်း(လုပ်ငန်းခွဲမန်နေဂျာ၊ ငြိမ်း) ဟိုတယ်နှင့်
ခရီးသွားလာရေး-ဒေါ်စန်း(ကောင်းစျာန်စက်ချုပ်ဆိုင်)
တို့၏ တစ်ဦးတည်းသောသား
ဗိုလ်ကြီးရဲဝင်းသန်း
B.Sc (Q), M.Sc (Physics), ME & Tech
(Engineering Physics) နှင့်
မန္တလေးမြို့၊ မြနန္ဒာလမ်း ၂၅x၂၆ လမ်းကြား၊
၆၂ x ၆၃ လမ်းကြား၊ အသောကရိပ်မွန်နေ
ဦးသန်း-ဒေါ်လှလှမြင့်တို့၏ တစ်ဦးတည်းသောသမီး
မခိုင်စန္ဒာသန်း
B.Sc(Industrial Chemistry)Q,
Dip in English(M.U.F.L),D.A(L.C.C.I)

တို့၏၁၇-၇-၂၀၀၄(စနေနေ့)တွင် အသောကရိပ်မွန် နေအိမ်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် ကြွရောက်ချီးမြှင့်သော ဆွေမျိုး မိတ်သင်္ဂဟများနှင့် ၁၉-၇-၂၀၀၄(တနင်္လာ)နေ့တွင် (Mandalay Swan Hotel) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်၍ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော စစ်တက္ကသိုလ်မှ ဗိုလ်မှူးချုပ် မင်းအောင်လှိုင်-ဇနီးဒေါ်ကြူကြူလှ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးရဲဝင်းသန်း-မခိုင်စန္ဒာသန်း။

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၆
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၆၄

ဦးလှတင်(ခ)မိုဟာမက်အာမိန် **နှင့်** ၁။ ဒေါ်လှတင်(ခ)ဒေါ်ဖာတမာဘီ (ကွယ်လွန်)
အမှတ် ၇၇၁(ခ)၊ပန်းသဇင်လမ်း (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးတင်လှ အမှတ်၁၁၉၆/က၊ မြဝတီမင်းကြီး ၂ လမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။
၃။ ဒေါ်ခင်ရွှေ(ခ)ဒေါ်ခိုင်ရွှန်နီဆာ အမှတ် ၆/၁၆ ကျိုက်ပိုင်းဘုရားလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်။

တရားနိုင် **တရားရှုံးများ**

၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ် ၂၆၀ တွင် တရားလို ဦးလှတင်က ၂၀၀၁ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ကချမှတ်သည့် အနိုင်ဒီကရီအား အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ အမှတ်(၂)တရားရှုံးလက်ဝယ်ရှိ ပစ္စည်းကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ထုခွဲရောင်းချလိမ့်မည်။လေလံဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း အကြောင်းကြားလိုက်သည်။

လေလံရောင်းချရန်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်စုံတစ်ရာ အပေါ် တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်ဖြစ်သည်။ အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်လျော်ကြောင်း၊ ရောင်းချသူအရာရှိက မှတ်ယူလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၉ ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်း ဆောင်ရွက်ခွင့်ရှိသည်။
၅။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံတင်ရောင်းချရာတွင် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် ၂၅ ကျပ်နှုန်းဖြင့် လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။
၆။ လေလံဆွဲဝယ်ယူသည့် ငွေအားလုံးကို ပစ္စည်းရောင်းချသည့် နေ့ကိုပယ်၍ ပစ္စည်းဝယ်ယူပြီးနောက် ၁၅ရက်မြောက်သောနေ့တွင် ရုံးချိန်အမီပေးသွင်းရမည်။ ၁၅ ရက်မြောက်သောနေ့မှာ ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေပါက ပထမ ရုံးစတင်ဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
